

စိတ်ကူးချိုချိုအနုပညာ

# အာရုံစက်ဝန်း

## ဘဝအတွေးစာစုများ


ထင်အောင်ကျော်(ဆောင်းကြိုပန်း)

mgyoe.com

mgyoe.com

မနေ့ကဖြစ်ခဲ့တဲ့
မကြည်လင်ခြင်းတွေကနေ
နိုးထနိုင်ပါစေ။
ရာဇဝင်ရဲ့ နာကျင်ခြင်းတွေကနေ
ကုစားလွန်မြောက်နိုင်ပါစေ။
အတိတ်သမိုင်းရဲ့ ရိုင်းစိုင်းခြင်းကနေ
ရုန်းထွက်နိုင်ပါစေ။
နောင်မျိုးဆက်သစ် များစွာအတွက်
ထူးကဲသစ်လွင်တဲ့ ဘဝတွေကို
ဖန်တီးပေးနိုင်တဲ့မြေ
တစ်ဖန် ပြန်ဖြစ်နိုင်ပါစေ။
ဒါ . . ငါတို့ရဲ့မြေ . . .

ထင်အောင်ကျော်(ဆောင်းကြိုပန်း)ရဲ့
ဖေ့စ်ဘွတ်ပေါ်က
ဘဝအတွေး စာစုများ



nw0041
2000.00 Ks

mgyoe.com

mgyoe.com

အာရုံစက်ဝန်းဘဝအတွေးစာစုများ၊ ထင်အောင်ကျော်(မိုးကြိုပြန်း)
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၈၄ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အာရုံစက်ဝန်း

## ဘဝအတွေးစာစုများ

ထင်အောင်ကျော်(ဆောင်းကြိုပန်း)

ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အာရုံစက်ဝန်း | ၁ |
| ၂။ | အလျှဉ်းသင့်လို့ မေးပါရစေ | ၃ |
| ၃။ | အဟောသိကံ | ၅ |
| ၄။ | အိပ်မက် | ၇ |
| ၅။ | အတိတ်ရဲ့ အကျဉ်းသား | ၈ |
| ၆။ | မမေ့ခဲ့ပါ | ၁၀ |
| ၇။ | လရောင်အောက်က အတွေးများ | ၁၂ |
| ၈။ | ဆန္ဒ | ၁၄ |
| ၉။ | နာရီ | ၁၆ |
| ၁၀။ | နှလုံးသား မှတ်သိစိတ် | ၁၈ |
| ၁၁။ | ခရီးသည် | ၂၀ |
| ၁၂။ | သာတဲ့အခါ သာပါလိမ့် | ၂၃ |
| ၁၃။ | နောက်ဆုံးလောကခံ | ၂၅ |
| ၁၄။ | သူပြန်လာပြီ | ၂၇ |
| ၁၅။ | ကမ်းပါးစွန်းနှစ်ဖက် | ၂၉ |
| ၁၆။ | သဗ္ဗေသတ္တာ ကမ္မသကာ | ၃၂ |
| ၁၇။ | ချိုးမွှမ်းကဲ့ရဲ့ ရင့်ကျက်နာကျင် | ၃၅ |


mgyoe.com

mgyoe.com

၁၈။ ရေပွက်ပမာ
၁၉။ တောင်ခြေမှာ လေကန်ခြင်း
၂၀။ နောက်ဆုံးခံကတုတ်
၂၁။ ရွှေဗုံသံ
၂၂။ သူ့ရင်မှာပွင့်တဲ့ ချစ်ခြင်းရဲ့ အလှပန်း
၂၃။ တို့ဘုရားဟောတဲ့ မဇ္ဈိမ ပဋိပဒါ
၂၄။ ၂၀၁၄
၂၅။ ကဗျာဆန်သူ
၂၆။ ကိုကျော်သစ်ပြောခဲ့သော စကားများ
၂၇။ ကြာကလပ်မှာ ဆွမ်းတော်တင်
၂၈။ အဖြေ
၂၉။ သမုဒ္ဒရာကမ်းခြေ၌ လမ်းလျှောက်ခြင်း
၃၀။ ဆွဲအား တွန်းအား
၃၁။ ကိုကျော်သစ်သို့ စာတစ်ပုဒ်
၃၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်
၃၃။ ကံ
၃၄။ မျှဝေလိုသော အတွေး
၃၅။ ကိုကျော်သစ်ပြောခဲ့သော စကားများ (၂)
၃၆။ ဝန်ခံခြင်း
၃၇။ နောင်တ တစ်ဖန် ပူပန်ခြင်းကင်းသောကိုယ် ဖြစ်ရလိုပါ၏
၃၈။ ဒီဘဝမှာ
၃၉။ ဒီအမှောင်ထုကြီးရဲ့ နောက်မှာ
၄၀။ ကိုကျော်သစ်ရဲ့ ဆုတောင်းခြင်း

mgyoe.com

mgyoe.com


၄၁။ ပါရမီဓာတ်ခံ ၇၈
၄၂။ ပုဏ္ဏာ ၈၀
၄၃။ စွန့်စားသူ ၈၁
၄၄။ အောင်မျိုးဦး စိုးယဉ်ဝင်းတို့နဲ့ အမှတ်တရ ညတစ်ည ၈၂
၄၅။ ရဲရင့်သူ ၈၆
၄၆။ ကြာ ၈၇
၄၇။ ကိုမင်းအောင်လို ကျွန်တော်တို့တစ်တွေ ၈၈
၄၈။ ဖူးမြတ်နိုးငယ်နဲ့ မအုန်းမြ ၈၉
၄၉။ အတွင်းနဲ့ အပြင် ၉၀
၅၀။ အတွေး ၉၂
၅၁။ ဖရီးသင်ကာ (Free Thinker) ၉၃
၅၂။ စကားတစ်ခွန်း ၉၄
၅၃။ အပျိုကြီးတစ်ယောက်ရဲ့ ဒိုင်ယာရီ ၉၆
၅၄။ မေ့လျော့သူ ၉၉
၅၅။ ဝါဒမှိုင်းမိသူ ၁၀၀
၅၆။ နှင်းဆီတစ်ပွင့်ရဲ့ အတ္တုပ္ပတ္တိ ၁၀၁
၅၇။ နှုတ်ထွက်စကား ၁၀၂
၅၈။ ကျွန်တော့်ရပ်တည်ချက် ၁၀၄
၅၉။ အနီးအဝေး ၁၀၅
၆၀။ သဘာဝ ၁၀၇
၆၁။ တွေးမိသလို ဆိုပါမည် ၁၀၈
၆၂။ ဆန္ဒစေတသိက် ၁၀၉
၆၃။ အောင်စာရင်း ၁၁၀
၆၄။ တန်ခိုးရှင် ၁၁၁


mgyoe.com

mgyoe.com


၆၅။ လက်ကွယ်ည အတွေး ၁၁၃
၆၆။ ကိုကျော်သစ်ရဲ့ သရော်စာ ၁၁၄
၆၇။ ကာလသုံးပါး ၁၁၇
၆၈။ ကတိစကား ၁၁၉
၆၉။ လူသားသဘာဝ ၁၂၀
၇၀။ လွှန်ဆွဲပွဲ ၁၂၁
၇၁။ သံစဉ်များ ၁၂၂
၇၂။ ညနေခင်းအတွေး ၁၂၄
၇၃။ သူ့စကား ၁၂၅
၇၄။ ဘယ်လိုလူစားလဲ ၁၂၆
၇၅။ ဘဝနာရီနဲ့ အလှတရား ဆက်စပ်မှု ၁၂၇
၇၆။ ကျော်ဇင်လင်းသို့ စာတစ်ပုဒ် ၁၂၈
၇၇။ လိပ်ပြာန္နီးသူ ၁၃၀
၇၈။ အလွမ်းသင့် ပန်းပွင့်မဟုတ် ၁၃၁
၇၉။ သင်းသင်းအိ သတင်းစာဖတ်ခြင်း ၁၃၂
၈၀။ ပြုံးလိုက်စမ်းပါ သူငယ်ချင်း ၁၃၄
၈၁။ ရွှေနံ့နက်ခင်း ၁၃၅
၈၂။ ဘဝဆန္ဒနယ်နိမိတ် ၁၃၆
၈၃။ မိုးရေစက်ပေါက် ဖျောက်ခနဲကြွေ ၁၃၇
၈၄။ ဒိုင်ယာရီ ၁၃၉
၈၅။ လမ်းတစ်ခု၏ လျှို့ဝှက်ချက် ၁၄၀
၈၆။ ဘုန်းတန်ခိုး ၁၄၂
၈၇။ အဘိုးကြီးသုံးယောက် ၁၄၄
၈၈။ ရင်ထဲက မာရ်နတ်နဲ့ သဟာမွတိဖြဟွာ ၁၄၆


mgyoe.com

mgyoe.com


၈၉။ ညချမ်းချိန်ခါ ၁၄၈

၉၀။ ဘာဝရေစီး ၁၄၉

၉၁။ အလုပ်သွားကဗျာ ၁၅၀

၉၂။ ဆိုပါကွယ်…ကိုယ်တို့လူ့သဘာဝ ၁၅၁

၉၃။ အာဏာရှင်ဆန်တဲ့ ဆရာဝန် ၁၅၃

၉၄။ တောင်တက်သမား ၁၅၅

၉၅။ သူရဲကောင်းများ အစည်းအဝေး ၁၅၇

၉၆။ သို့ … ကာလယန္တရား ၁၅၈

၉၇။ ဒဏ္ဍာရီမဟုတ် ၁၆၀

၉၈။ တစ်ခါတုန်းက အင်္ဂလန်မှာ ၁၆၁

၉၉။ သူ့စကား ၁၆၃

၁၀၀။ အဘိုးကြီးတစ်ယောက်ကပေးသော အသိ ၁၆၄

၁၀၁။ လေးစားဖွယ်ရာ သာမန်လူ ၁၆၇

၁၀၂။ ရင်ပြင်တော်မြင်ကွင်း ၁၆၉

၁၀၃။ အဘိုးက အဖေ့ကိုပြောခဲ့သော စကား ၁၇၀

၁၀၄။ မသိမ်ငယ်ခဲ့ပါ ၁၇၁

၁၀၅။ သူငယ်ချင်းသို့ (၁) ၁၇၄

၁၀၆။ သူငယ်ချင်းသို့ (၂) ၁၇၅

၁၀၇။ တိုက်စစ်နဲ့ ခံစစ် ၁၇၆

၁၀၈။ ခရစ်တော်၏ ကားတိုင်တက်ခြင်းနှင့် ဗုဒ္ဓ၏ဒုက္ခသစ္စာ ၁၇၈

၁၀၉။ နယ်နိမိတ်မျဉ်း ၁၈၀

၁၁၀။ ခရီးသည် (၂) ၁၈၁

၁၁၁။ ထိုသူငယ်ချင်း ၁၈၂

၁၁၂။ ပွင့်ဦး ပွင့်ဆဲ ပွင့်လတ္တံ့ အရွယ်သုံးပါး အလှကိုယ်စီ ၁၈၄


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# အာရုံစက်ဝန်း

လွန်ခဲ့သော ၁၅ နှစ်ခန့် ကျွန်တော့်အသက် အစိတ်လောက်မှာ ကျွန်တော့်ထက် ခုနှစ်နှစ်လောက်ငယ်တဲ့ ညီငယ်တစ်ယောက်ပြော ခဲ့တဲ့ စကားတစ်ခွန်းက ကျွန်တော်ရဲ့ဘဝမှာ အလွန်အလေးအနက် ထားစရာဖြစ်ခဲ့ပြီလို့ဆိုရင် လွန်ကျူးသောစကားကို ဆိုခြင်းမဟုတ် ရပါ။

သူဒီလို ဆိုခဲ့ဖူးပါတယ်။

"မွေးရာပါ အမြင်အာရုံကင်းမဲ့တဲ့သူ တစ်ယောက်ရဲ့ဘဝကို မြင်ယောင်ကြည့်ပါ အစ်ကိုရာ။ သူ့ရဲ့ အာရုံမှာ မြင်ခြင်းဆိုတဲ့ သဘောတရား လုံးဝ မရှိဘူး။ အရောင်အဆင်း၊ အသွင်သဏ္ဌာန်ဆို တာ သူ့ရဲ့ မနောမှာ ဘယ်တော့မှ မထင်ဟပ်ဘူး။ သူ့ကို ဒီရှုခင်း တွေကတော့ ဒီလိုလှတယ်၊ ဒီအရောင်တွေကတော့ ဒီလိုလွင်တယ် ပြောလို့ သူ မခံစားနိုင်ဘူး။ မခံစားနိုင်ဆို ဒီ စက္ခုအာရုံဆိုတဲ့ သဘော တရားကို မွေးလာကတည်းက သူမှ မကြုံတွေ့ခဲ့ဘူးတာ။ သူ့ရဲ့ "အာရုံစက်ဝန်း" ထဲမှာ မြင်ခြင်းဆိုတဲ့ အသိ လုံးဝ မရှိခဲ့လို့ပဲလေ။ အမြင်အာရုံရှိသူကို မျက်စိပိတ်ပြီး အာရုံခံခိုင်းတာနဲ့ လုံးဝ မတူနိုင် ဘူးလေ။

mgyoe.com

mgyoe.com


သူ့စကားက ကျွန်တော့်ရင်ထဲမှာ အသိတရားတစ်ခုကို မွေးဖွား ပေးခဲ့ပါတယ်။

ကျွန်တော်တို့တစ်တွေဟာ အကြောင်းအရာတစ်ခုကို ကြားတိုင်း၊ အာရုံတစ်ခုကို တုံ့ပြန်တိုင်း ကိုယ့်မှာရှိတဲ့ ရင်တွင်းအခံနဲ့ ကိုက် မကိုက် တိုက်ကြည့်တတ်တယ်။ ကိုက်ညီသွားရင် ထောက်ခံတတ်ပြီး မကိုက် ညီရင် ကန့်ကွက်တတ်ကြတယ်။ ကိုယ့်ရဲ့ "အာရုံစက်ဝန်း" ဟာ အဲဒီအကြောင်းအရာကို စေ့ငုံမိဖို့ လုံလောက်တဲ့အချင်းပမာဏ ရှိရဲ့ လားလို့ အရင်သတိ ကပ်မိသူဟာ အပြစ် ဒေါသသင့်တဲ့ စကားဆိုမိ ဖို့ အခွင့်အလမ်း တော်တော် နည်းပါးသွားလိမ့်မယ်လို့ ဆင်ခြင်မိပါ တယ်။

"အာရုံစက်ဝန်း" စကားကို ဆိုခဲ့သော ညီငယ် လတ်ကိုကိုအေး (အငယ်လေး) ကို ကျေးဇူးတင်ပါသည်။

✧

mgyoe.com

mgyoe.com


## အလျဉ်းသင့်လို့ မေးပါရစေ

"အလျဉ်းသင့်လို့ မေးပါရစေ၊ ဘဝမှာ ရင်ထဲမှာ နင့်နင့်နဲနဲ အလေးဂရုပြုစရာ တစ်စုံတစ်ရာရှိနေပါပြီလား"

ဖော်မြူလာဆန်ဆန် စာအုပ်ထဲက စကားမျိုးတွေနဲ့ အလျင်စလို မဖြေပါနဲ့ဗျာ။

ကျွန်တော်ဆိုလိုတဲ့ အလေးဂါရဝပြုစရာ ဆိုတာက ကိုယ့်ဘဝရဲ့ အဓိပ္ပာယ်၊ ကိုယ့်ဘဝရဲ့ အသက်ရှင်ခြင်းလို့တောင် ဆိုနိုင်လောက်တဲ့ တစ်စုံတစ်ရာပါ။

တစ်လောကလုံးက နားလည်မှုလွဲပြီး ပြက်ရယ်ပြုကြသည့်တိုင် ဂါရဝ မပျက်ယွင်းဘူး။ အသက်ခန္ဓာကို ထိပါးမယ်ဆိုသည့်တိုင် ယုံကြည်ချက်ကို မပြောင်းလဲဘူးလို့ ဆိုလောက်တဲ့ သစ္စာတရားပါ။

သူမေးခဲ့တဲ့ မေးခွန်းတစ်ပုဒ်ပါ။

ကျွန်တော် နက်နက်နဲနဲ အချိန်ယူ စဉ်းစားကြည့်ခဲ့ပါတယ်။ သူ့ကို အဖြေ မပေးနိုင်ခဲ့ပါ။

ရိုးသားစွာဝန်ခံရရင် ကျွန်တော့်မှာ ထိုမျှ အဓိဋ္ဌာန်နက်နဲသော ယုံကြည်ချက် မတည်ဆောက်နိုင်သေးပါ။

mgyoe.com

mgyoe.com


သမုတိသဘောသာ ရှိသေးသော ကျွန်တော့်ရဲ့ ဉာဏ်ထဲမှာ ထိုမျှ ခိုင်ကျည်တဲ့ ပရမတ္ထသဘောတရားတွေ ကိန်းအောင်းမနေသေး ပါဘူး။ ဒီစာစုကလေးမှာ ဖတ်ရှုသူအား အဖြေတစ်ခုပေးရန် ကျွန်တော် မရည်ရွယ်ပါဘူး ဆိုခဲ့တဲ့အတိုင်း ကျွန်တော့်မှာ အဖြေ မရှိသေးပါဘူး။ ကျွန်တော်ကိုယ်တိုင် အမေးခံခဲ့ဖူးသော နက်နဲသော ပုစ္ဆာတစ်ပုဒ်ကို ဝေမျှပေးလိုခြင်းသာ ဖြစ်ပါတယ်။ "အလျှဉ်းသင့် လို့ မေးပါရစေ၊ ဘဝမှာ ရင်ထဲမှာ...နင့်နင့်နဲနဲ အလေးဂါရဝပြုစရာ တစ်စုံတစ်ရာ ရှိနေပါပြီလား"

✧

mgyoe.com

mgyoe.com



## အပေါ်ဟာသိကာ

အဲဒီနေ့က ''မြန်မာပြည်သိန်းတန်'' ရဲ့ ပြည်တော်ပြန် ဖျော်ဖြေပွဲကို ကြည့်ဖြစ်ခဲ့တယ်။ အစကနဦးက ဘာရယ် မဟုတ်ဘူး ... Youtube ကနေ ဖွင့်ကြည့်မိတာ၊ ကြည့်ရင်းနဲ့ပဲ သူ့ရဲ့ ကောင်းမွန်တဲ့ အသံ၊ ထူးခြားတဲ့ ဖျော်ဖြေဟန်နဲ့ ဆွဲဆောင်မှု သုခုမတစ်ရပ်ကို သတိပြုမိခဲ့တယ်။ ''ယောသူတို့ ရွာ''၊ ''သောကတောင်တန်း''၊ ''စနေထောင့်မှာ ပန်းလှူမယ်'' စတဲ့ သီချင်းတွေကလည်း နားထဲစွဲပြီး စိမ့်နေအောင် ကောင်းလှတယ်။

သီချင်းကို လိဒ်ဂစ်တာ တီးခတ်ခြင်းနဲ့ ကျွမ်းကျင်စွာ တွဲဖက်တင်ဆက်နိုင်တဲ့ ကိုယ်ပိုင်ဟန် အပြည့်ရှိတဲ့ ရှားပါးအနုပညာရှင်တစ်ဦး ဖြစ်တယ်ဆိုတာကို အချိန်တိုအတွင်း ကျွန်တော် သတိထားမိခဲ့တယ်။ ကြည့်နေရင်းနဲ့ပဲ ကျွန်တော့်ရင်ထဲမှာ နှမြောမိသလိုဖြစ်လာခဲ့တယ်။ အရွယ်အားဖြင့် အကောင်းဆုံး အနုပညာဖန်တီးမှုအားဖြင့် အကောင်းဆုံး အရွယ်မှာ အမိမြေကို စွန့်ခွာပြီး တိုင်းတစ်ပါးမှာ ခြေချခဲ့ရသူ။ တစ်ခုထက်မကသော အကြောင်းတရားများတော့ ရှိမှာပါလေ။ ကျွန်တော် သူ့ရဲ့ရင်ထဲကို ဝင်ပြီး အငှား ခံစားကြည့်မိတယ်။ တိုင်း

mgyoe.com

mgyoe.com


တစ်ပါးမှာနေရင်း အခြား တစ်ပါးသောသူတို့ရဲ့ သီဆိုခြင်း၊ ဖျော်ဖြေခြင်း တို့ကို မြင်ရကြားရတဲ့ အခိုက်အတန့်တွေမှာ သူဘယ်လို ခံစားခဲ့ရ ပါသလဲ။ အကောင်းဆုံးသော အရွယ်မှာ အကောင်းဆုံးသော အနုပညာ အခွင့်အလမ်းတွေ မရှိတော့ခြင်းကို သူ ဘယ်လိုနှလုံးသားနဲ့များ ဖြတ်ကျော်ခဲ့ရပါလိမ့်။

အကြောင်းတရားများ ရှိတယ်ဆိုပေမယ်လို့ သူ့ကို စာနာမိပါ တယ်။ အတွေးတို့က တရားတော်လာ "အဟောသိကံ" ကို ရောက် သွားပါတယ်။ အစွမ်းသတ္တိ ပိုပြီးကြီးမားသော အခြား တစ်ပါးသော အကြောင်းတရားကံတို့ကြောင့် အကျိုးမပေးနိုင်တော့သော၊ အစွမ်း သတ္တိ ပျက်ပြယ်သွားသော အကြောင်းတရားတို့ကို "အဟောသိကံ" လို့ ဖွင့်ဆိုထားပါတယ်။ လူတိုင်းလူတိုင်းရဲ့ ဘဝတွေမှာ "အဟော သိကံ" တွေ ရှိကြပါလိမ့်မယ်။ အကြောင်းတရားကြီးခြင်း၊ သေး ခြင်းသာ ခြားနားမှာပါ။ မဖြစ်ခဲ့ရသော "အဟောသိကံ" များကို နှမြောတသခြင်း ဝေဒနာတွေဟာလည်း လူတိုင်းရင်မှာ ဖြစ်ဖူးကြပါ လိမ့်မယ်။ ဒါဟာ လောကဓမ္မတာပါ။ မဖြစ်နိုင်တော့သော၊ မဖြစ် အပ်ရာတော့သော "အဟောသိကံ" တရားများကို ငြိမ်းချမ်းစွာ လက်ခံခြင်းသည်ပင် ရင့်ကျက်မှုတစ်ခု ဖြစ်တော့သည်လို့သာ ဒီ အသက် ဒီအရွယ်မှာ ယုံကြည်မိပါတော့တယ်။

✧

mgyoe.com

mgyoe.com



# အိပ်မက်

စကြာဝဠာတံတိုင်းကြီးပေါ်မှာ ထိုင်ကာ အတွေးနက်နေခဲ့တယ်လို့ အိပ်မက်မက်တယ်။ ထူးဆန်းပါပေ့။ အနန္တစကြာဝဠာကို စိတ်က မမွေ့မိပါဘဲနဲ့ ဘာကြောင့်များ ဒီလိုအိပ်မက်တွေ မက်ရတာပါလိမ့်။ အိပ်မက် မှုးယောင် နိုးထလာတဲ့အခါ ဘာအတိတ်၊ ဘာနိမိတ်တွေပါလိမ့်လို့ ယောင်ယောင်ကန်းကန်း စဉ်းစားမိသေးတယ်။ အဖြေမထွက်ပါ။ ဘယ်ထွက်ပါ့မလဲ…။ အစကတည်းက ဘာအဖြေမှ မရှိတာ။ လူ့ဘဝမှာ နားလည်ရ အခက်ဆုံးတွေထဲမှာ "အိပ်မက်မက်ခြင်း" လည်း တစ်ခုအပါအဝင်ဖြစ်တယ်။ တချို့ အိပ်မက်တွေက ရှင်းလင်းပြတ်သားတယ်။ ပြုံးပြက်မြင်သာတယ်။ တချို့အိပ်မက်တွေက စိတ္တဇနယ်ခြား မှုန်ဝါးဝါးပါ။ ဒါပေမဲ့ ကျွန်တော်တို့ အိပ်မက်တွေ ဆက် မက်နေကြရဦးမယ်။ ဘာလို့လဲဆိုတော့ "အိပ်မက်မက်ခြင်း" ဟာ "ဘဝ" ဖြစ်နေလို့ပါပဲ။ ဖြစ်တည်ရာ ဒီဘဝကိုယ်၌က အိပ်မက်တစ်ခု မဟုတ်ပါလားဗျာ။

✧

mgyoe.com

mgyoe.com


# အတိတ်ရဲ့ အကျဉ်းသား

သူက ဒီတစ်ခေါက် ခရီး ထွက်ဖြစ်ရင်လည်း သွားနေကြမြို့၊ ရောက်ဖူးနေကြ နေရာလေးကိုပဲ သွားဖြစ်မှာပါလို့ ဆိုပါတယ်။ “ကျွန်တော် သွားချင်တာက နယူးယော့လည်း မဟုတ်ဘူး။ ပဲရစ်မြို့လည်း မဟုတ်ဘူး။ ဘက်ကင်ဟမ် ပဲလေ့(စ) ကို မရောက်ဖူးလို့လည်း ဘဝမှာ ဘာမှထူးခြား နိမ့်ကျသွားမှာ မဟုတ်ပါဘူး။ လုဗ် ပြတိုက်လည်း မကြည့်ချင်ပါဘူးဗျာ၊ ဒါကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံစားချက်ပါ။ လိုချင်တာက ... နေရာတစ်ခုရဲ့ လှိုက်လှဲနွေးထွေးတဲ့ ကြိုဆိုမှု၊ ရင်းနှီး ကျွမ်းဝင်တယ်ဆိုတဲ့ ခံစားချက် စီးမျောပျော်ဝင်ခဲ့ဖူးပြီး ဘယ်တော့မှ အေးခဲမသွားဖူးဆိုတဲ့ စိတ်ခံစားချက်ပါ။ ကာဗီယာ ငါးဥတွေ မစားဖူးပါဘူး။ ဒါပေမဲ့ ဘယ်တုန်းကမှလည်း မတပ်မက်ခဲ့ဖူးပါဘူး။ ငါးမန်းတောင် ဟင်းချိုနဲ့ အကောင်းစား ရှမ်ပိန်၊ ဒါတွေလည်း အာသီသ မရှိခဲ့ပါဘူး။

ကျွမ်းဝင်ခဲ့ဖူးတဲ့နေရာလေးရဲ့လမ်းဘေးက အသုပ်တစ်ပွဲနဲ့ အကြော်စုံ၊ ရေနွေးကြမ်း၊ ဒါတွေကို ပိုပြီး တမ်းတမိပါတယ်။ လျှောက်ခဲ့ဖူးတဲ့ လမ်းတွေကို ပြန်လျှောက်ကြည့်ချင်တယ်။ ရင်းနှီး ကျွမ်းဝင်ခဲ့

mgyoe.com

mgyoe.com


ဖူးတဲ့သူတွေ တော်တော်များများ ရှိတောမှာမဟုတ်ပေမဲ့ နေရာဟောင်းလေးတွေကို ပြန်သွားကြည့်ချင်တယ်။ လွမ်းဆွတ် တမ်းတချင်သေးတယ်ဗျာ။ ဒါ ကျွန်တော့်ရဲ့ ခံစားချက်ပါ။ "ကျွန်တော်တို့ အားလုံး စကားမဆိုဖြစ်ကြပါဘူး။ သူ့စကားက အားလုံးရဲ့ ရင်ကို ရိုက်ခတ်သွားတယ်လို့ ခံစားမိပါတယ်။ အတိတ်ကို သံယောဇဉ်ကြီးသော၊ နူးညံ့နက်ရှိုင်းစွာခံစားတတ်သောသူ့ကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ ကျွမ်းဝင်သော … ချစ်သော… နွေးထွေးသော … မြတ်နိုးသော … ဆိုသော အရာများစွာ ရှိနေကြဆဲပါပဲ။

မရှိပါဘူးလို့ ဆိုသူဟာ အတိတ် မရှိသူ …ဒါမှမဟုတ်ရင် … စိတ်ချည့်သူသာ ဖြစ်ပါလိမ့်မယ်။ တိတ်ဆိတ်ခြင်းကို သူက အဆုံးသတ်လိုက်ပါတယ်။ "အေးဗျာ၊ ဒါပေမဲ့ ကျွန်တော် နားလည်ပါတယ်။ အတိတ်ရဲ့ အကျဉ်းသားတစ်ယောက်တော့ ဖြစ်မနေသင့်ဘူးဆိုတာ …"

✧

mgyoe.com

mgyoe.com

## မမေ့ခဲ့ပါ

"ကိုယ့်ဘဝနဲ့ စိတ်သဏ္ဍာန်ကို အကျိုးပြုသော ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့မှန်သမျှကို မြတ်နိုးခြင်း၊ ကျေးဇူးတင်ခြင်းဆိုတဲ့ အသိနဲ့ အသိအမှတ်ပြုဖို့ ကြိုးစားပါတယ်။ ဆရာတော်ဦးဇောတိကရဲ့ "ဘဝဇာတ်ခုံ" ဆိုတဲ့ တရားကို နာကြားစဉ်က မှတ်သားခဲ့ရတဲ့ မြတ်နိုးဖွယ်ရာ စိတ်အရည်အသွေးတစ်ခုပါပဲ။ ကျေးဇူးတရားဟူသည် အတိုင်းအတာ ကြီးမားသည်ဖြစ်စေ၊ ငယ်ရွယ်သည်ဖြစ်စေ မေ့လျော့ပစ်ပယ်ခြင်းငှာ မဖြစ်စကောင်းပါ။ ဆွတ်ပျံ့ကြည်နူးခြင်းကို ပေးစွမ်းစေသော ဂီတသံစဉ်တစ်ခုကို ဖန်တီးပေးသူကိုလည်း ကျေးဇူးတင်အပ်ပါသည်။ စိတ်၏ အရည်အသွေးကို မြင့်မားစေသော စာတစ်ကြောင်းမျှကိုပင် ပြုစုပေးခဲ့သည့် နာမည်မရှိ၊ နာမည်ရှိ စာရေးသူတို့အားလည်း ကျေးဇူးတင်ပါသည်။

ကမ္ဘာကျော် တင်းနစ်သမား Nadal ၏ ကစားဟန်ကိုကြည့်ပြီးလည်း သူ့ကို ကျေးဇူးတင်မိပါသည်။ တရားမျှတစွာ ယှဉ်ပြိုင်တတ်စေမှု၊ စိတ်၏ သဏ္ဍာန်တွင် အတွေးကလေးများ ဖြစ်သောအခါ ကျွန်တော် စာတွေ ရေးမိပါသည်။ ကျွန်တော်သည် နာမည်ကျော်

mgyoe.com

mgyoe.com

စာရေးဆရာတစ်ယောက် မဟုတ်၊ Facebook ကျော် Blogger တစ်ဦးလည်း မဟုတ်ရာ ကျွန်တော့်၏စာများကို လူများစွာ ဖတ်လိမ့်မည်ဟု ဘယ်လိုမှ မမျှော်လင့်နိုင်ပါ။ တစ်ခါတစ်ရံတွင် ဖတ်ရှုသူ လက်ငါးချောင်းပင် ရှိချင်မှရှိပါလိမ့်မည်။

ထို အညတြ စာလေးများကို အချိန်ပေး ဖတ်ခဲ့သူများကို အထူး ကျေးဇူးတင်ပါသည်။ Like လုပ်ခြင်းခံရလျှင် ပုထုဇဉ်ပီသစွာ ကျေနပ် ကြည်နူးရပါသည်။ ဝမ်းမြောက်ရွှင်လန်းရပါသည်။ အလွန်ပင် တန်ဖိုး ထားပါသည်။ တစ်ဦးတစ်ယောက်ချင်းကို လိုက်ကာ ကျေးဇူးစကားဆို ရန် မဖြစ်နိုင်သောကြောင့် ဘာမှမဆိုဖြစ်ခဲ့ပါ။ သို့သော် ရင်ထဲမှ လှိုက်လှဲစွာဖြင့် ကျေးဇူးစကားဆိုခဲ့ပါသည်။ "မမေ့ခဲ့ပါ" ခင်ဗျာ။

✧

mgyoe.com

mgyoe.com

## လရောင်အောက်က အတွေးများ

"ကောင်းမြတ်ခြင်းတရား" တွေ ရင်ထဲမှာ ကိန်းအောင်းနေပြီဆိုရင် ဒီဘဝမှာ လူဖြစ် မရှုံးတော့ဘူးလို့ ယုံကြည်ပါတယ်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နဲ့ ပြည့်စုံပြီး အရိုအသေပြုခြင်းကို ခံယူထိုက်သော ရဟန်းတော်တစ်ပါးကို ဖူးမြော်ခွင့်ရခဲ့စဉ်က ကြားနာခဲ့ရတဲ့ စကားတစ်ခွန်းပါ။ လူတိုင်းရဲ့ ရင်ထဲမှာ "ကောင်းမြတ်ခြင်းတရား" တွေဟာ အနည်းနဲ့အများဆိုသလို ပဋိသန္ဓေစိတ် အနေနဲ့ကို ပါလာပြီးသားပါ။ နားထောင်ခဲ့ရတဲ့ စာပေဟောပြောပွဲတစ်ခုမှာ စာရေးဆရာတစ်ယောက် ပြောခဲ့တဲ့ အဖြစ်အပျက်ကလေးတစ်ခုကို အနီးစပ်ဆုံး ပြန်လည်မျှဝေပေးချင်ပါတယ်။ "အကျဉ်းစခန်းတစ်ခုမှာပေါ့။ မြင်ကြည့်စမ်းပါ။ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် အကျဉ်းကျလာတဲ့ အကျဉ်းသမားတွေ၊ လူသတ်သမား၊ မုဒိမ်းသမား၊ ဓားပြတွေစုံလို့၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ ဝမ်းနည်း အားငယ်ခြင်း၊ ဘဝကို ယူကျုံးမရဖြစ်ခြင်းတို့ရဲ့ နှိပ်စက်မှုတွေနဲ့ ဒီလူတွေရဲ့ စိတ်ထဲမှာ ဒေါသနဲ့ မောဟမီးတွေဟာ အရှိန်ညီးညီး တောက်လောင်နေကြတယ်။

mgyoe.com

mgyoe.com


တကယ့် လောင်စာအိုးကြီးပဲ။ ထစ်ခနဲဆို အဆုံးတိုင် ပေါက်ကွဲမှုတွေ ဖြစ်တတ်တဲ့ လောကငရဲတစ်ခုပါ။ တစ်ရက်မှာပေါ့။ အလုပ်စခန်းရဲ့ အခက်ခဲ အပင်ပန်းဆုံးအချိန်၊ မွန်းတည့်ချိန်လောက်မှာ ဆာလောင်ခြင်း၊ ပင်ပန်းခြင်း၊ ခိုကိုးရာမဲ့ခြင်း စတဲ့ ကိုယ်စိတ်၏ အဆိုးတရားတွေနဲ့ အကျဉ်းသမားအုပ်စုကို မြင်ယောင်ကြည့်စမ်းပါ။ ရုတ်တရက်ပဲ ကလေးငိုသံလေးတစ်ခု ကြားလိုက်ရတယ်။ ရိုင်းစိုင်း ကြမ်းတမ်းနေတဲ့ အကျဉ်းသမားအားလုံးဟာ ချက်ချင်းပဲ ငြိမ်သက် တိတ်ဆိတ်သွားတယ်။ မျက်နှာတွေအားလုံးဟာ နူးညံ့သိမ်မွေ့သွားတယ်။ ငိုနေတဲ့ကလေးလေးကို ထွေးပွေ့ ယုယလိုက်ချင်တဲ့စိတ်တွေ သူတို့ရဲ့ ရင်ထဲမှာ ဖြစ်လာတယ်လို့ ထင်ပါတယ်။ ဒါဟာ ကောင်းမြတ်ခြင်း တရားတစ်ခုပါပဲ။ အဆိုးသွမ်း အကြမ်းတမ်းဆုံး ရာဇဝတ်သားတွေရဲ့ ရင်ထဲမှာတောင် "ကောင်း မြတ်ခြင်းတရား" တွေ ရှိနေတတ်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ကိုယ်တိုင်လည်း ထွေးပွေ့ယုယခြင်းကို ခံချင်သလို သူတစ်ပါးကိုလည်း ချစ်ခင်မြတ်နိုးခြင်းတွေ ပေးဝေချင်တတ်ကြပါတယ်။

"ကောင်းမြတ်ခြင်း တရားတွေဟာ အခြားသော လောကနိယာမတရားတွေလိုပါပဲ… ပွားများပေးရင် ပိုပြီးတော့ ရင့်သန်ကြီးထွားလာတတ်ပါတယ်။ ချက်ချင်းလက်ငင်းပဲ ထပြီး အကျိုးမပေးသေးသည့်တိုင်အောင် "အနုသယစိတ်" တွေ အဖြစ်နဲ့ ရင်ထဲမှာ အင်အားကြီးမားစွာ ရှိနေတတ်ပါတယ်။ အကြောင်းတိုက်ဆိုင်လာချိန်မှာ ကြီးစွာသော ကံအစွမ်းသတ္တိတွေအဖြစ်နဲ့ အကျိုးပေးလာတတ်တယ်လို့ ယုံကြည်မိပါတယ်။

✧

mgyoe.com

mgyoe.com


# ဆန္ဒ

ဆုတောင်းရုံနဲ့ လိုအင်ဆန္ဒဆိုတာ မပြည့်ဝနိုင်မှန်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့ သံယောဇဉ်နဲ့ ချစ်ခြင်း မေတ္တာတရားကို လှုံ့ဆော်တဲ့အခါ ကိုယ်မြတ်နိုးသူတွေအတွက် စေတနာဆန္ဒနဲ့ ရင်ထဲမှာ တောင်းဆုပတ္ထနာပြုတတ်ကြတာ လူ့သဘာဝပါ။ ကျွန်တော်လည်း လူထဲက လူတစ်ယောက်သာမို့ ဆုတောင်းမှုတစ်ခု ပြုချင်ပါတယ်။ ကျွန်တော်ရဲ့ ဆုတောင်းမှု ရည်ညွှန်းခံ ကံပုဒ်က လူတစ်ယောက်တော့ မဟုတ်ပါဘူး။

...စနစ်ဆိုး မုန်တိုင်း ဒုက္ခလှိုင်းတွေကြောင့် ယိုင်လဲ ပြိုကျလု အိမ်အိုပမာ ဖြစ်နေရှာသော အမိမြေ. . . အဆုံးစွန်သော ဝေဒနာတွေကို အဖြေရှာဖို့ကြိုးစားရင်း နာကျင်ကြေကွဲစွာ ငိုညည်းနေရှာပါသော အမိမြေ . . . မပြည့်စုံခြင်း၊ အဆင်မပြေခြင်းတွေ ပင်လယ်ဝေနေသော်လည်း ကျေးဇူးမဲ့စွာ သရော်မော်ကား ပြောဆိုခြင်းငှာ မပြုအပ်ပါသော အမိမြေ . . . တစ်ချိန်ချိန်၊ တစ်နေ့နေ့ဝယ် . . ပြန်လည်နေထိုင်ရှင်သန်ရပါဦးမည့် အမိမြေ . . . ကိုယ့်ဘဝရဲ့ နောက်ဆုံး နှလုံးခုန်သံနဲ့ နောက်ဆုံး ဝင်သက်ထွက်သက်အထိ ကိုယ့်ရင်မှာ ထာ

mgyoe.com

mgyoe.com


ဝရ တည်ရှိနေပါဦးမည့် အမိမြေအတွက် ဆုတောင်းပေးချင်ပါသည်။

. . . မနေ့ကဖြစ်ခဲ့တဲ့ မကြည်လင်ခြင်းတွေကနေ နိုးထနိုင်ပါစေ။ . . . ရာဇဝင်ရဲ့ နာကျင်ခြင်းတွေကနေ ကုစားလွန်မြောက်နိုင်ပါစေ။ . . . အတိတ်သမိုင်းရဲ့ ရိုင်းစိုင်းခြင်းကနေ ရုန်းထွက်နိုင်ပါစေ။ . . . နောင်မျိုးဆက်သစ်များစွာအတွက် ထူးကဲသစ်လွင်တဲ့ ဘဝတွေကို ဖန်တီးပေးနိုင်တဲ့မြေ ... တစ်ဖန် ပြန်ဖြစ်နိုင်ပါစေ။ . . .ဒါ ငါတို့ရဲ့မြေ . . . မြန်မာပြည်။ ။

✧

mgyoe.com

mgyoe.com

# နာရီ

လွန်ခဲ့တဲ့ လေးနှစ်က ကျွန်တော့်စာတပ်ပုံကို ကြည့်မိမှပဲ ကိုယ့်ကိုယ်ကိုယ် တော်တော် အိုစာလာမှန်း ဆင်ခြင်မိတော့တယ်။ သူ့စကားအဆုံးမှာ ကျွန်တော့် အတွေးအာရုံဟာ ဖျတ်ခနဲပဲ ကြားခဲ့ဖူးတဲ့ စကားတစ်ခွန်းမှာ ကျက်စားမိခဲ့ပါတယ်။ စကားတစ်ခွန်းဆိုတာထက် တရားအညွှန်းတစ်ပုဒ်ပါလို့သာ ပိုပြီးဆိုအပ်ပါတယ်။ မိန့်ကြားခဲ့သူက ဘုန်းတော်ကြီးတစ်ပါးမို့ပါ။ မနှစ်က ကျွန်တော် မကွေးရာ ရှေးဟောင်းဘုရားများဆီသို့ ရောက်ခဲ့စဉ်ကပေါ့။ ဖူးခဲ့ရတဲ့ ဆရာတော်က မိန့်ကြားခဲ့တဲ့ ဓမ္မစကား တစ်ခွန်းပါ။

"အိုမင်းသွားတဲ့ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်မှာ အမြဲတမ်း မအိုမင်းတဲ့ အရာတစ်ခု ရှိတယ်။ အဲဒါကတော့ "ဘဝတဏှာ" ပဲ။

ဦးပဉ္ဇင်းရဲ့ တရားက တိုရှင်းပါတယ်။ ဒါပေမဲ့ လိုရင်းမိပြီး တွေး ကြည့်ရင် သိပ်ကိုကျယ်ဝန်းပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ဘဝကို ခင်တွယ် တပ်မက်လွန်းတဲ့ တဏှာတွေကြောင့်သာ ဆင်းရဲခြင်းဝဲသြဃ သံသရာတွေထဲက ရုန်းမထွက်နိုင်ကြတာပါ။ ဗုဒ္ဓတရားတော်ရဲ့ အလိုအရ ဘဝကို တပ်မက်တဲ့တဏှာကြောင့်ပဲ ဇာတိ၊ စုတိ သံသရာ လည်နေကြရတာပါ။ ကျွဲကော်ကိုင်းမျက်မှန်နဲ့ သူငယ်ချင်းက ဆက်ပြောလိုက်ပါတယ်။

mgyoe.com

mgyoe.com


"ကျုပ်တို့ရဲ့ ဘဝခရီးကို အချိန်နာရီတွေအဖြစ်နဲ့ မြင်ကြည့်စမ်းပါ။ မွေးကင်းစအချိန်ကို မနက်မိုးလင်းချိန်လို့ သဘောထား၊ သေဆုံးတဲ့အချိန်ကို ညသန်းခေါင်လို့ မှတ်လိုက်ဗျာ။ ကျွန်တော်တို့တစ်တွေ အခုဘယ်နှနာရီ ထိုးနေကြပြီဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး။ ကျွန်တော်တို့တစ်တွေဟာ ကိုယ့်ရဲ့နာရီကို သိခွင့်မရှိတဲ့ ကန်းနေကြသူတွေပါဗျာ"

သူ့စကားက အဘိဓမ္မာဆန်တယ်။ လောကီနယ်ကို ကျော်လွန်ပြီး အတွေးနယ်ချဲ့လို့ရတယ်။ တက္ကိက ပုစ္ဆာတစ်ပုဒ်ပါ။ အခန်းထောင့်မှာ ထိုင်နေတဲ့ စကားနည်းတဲ့ သူငယ်ချင်းက တစ်ခွန်း ဝင်ပြောလိုက်တယ်။

"ဒီလို ကန်းနေတာပဲ ခပ်ကောင်းကောင်းပါဗျာ ... "

✧

mgyoe.com

mgyoe.com


# နှလုံးသား မှတ်သိစိတ်

ကျွန်တော်သိပ်နှစ်သက်တဲ့ စာရေးဆရာကြီးတစ်ဦးက သူ့ရဲ့ "ပျော်ပါတယ် မောင်ပြည်သိမ်း" ဆိုတဲ့ ဝတ္ထုမှာ ဇာတ်ကောင် မောင်ပြည်သိမ်းအဖြစ်နဲ့ ပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်။ ဝတ္ထုထဲက စကားလုံး အတိအကျအတိုင်းတော့ မဟုတ်ပါဘူး။ ဆိုလိုရင်းကိုသာ ကျွန်တော် ပြောပါမယ်။ မောင်ပြည်သိမ်းက "လောကမှာ ကုန်ကူးခြင်း အမျိုးအစား သုံးမျိုးပဲရှိတယ်။ (၁) အချိန်ကို ကုန်ကူးခြင်း (၂) နေရာဒေသကို ကုန်ကူးခြင်း (၃) နှလုံးသား မှတ်သိစိတ်နဲ့ ကုန်ကူးခြင်း" ပဲ။ အချိန်ကို ကုန်ကူးခြင်းဆိုတာက ရှင်းပါတယ်။ ရာသီထွက်သီးနှံတွေကို လှောင်၊ ရာသီကုန်ချိန်မှာ အမြတ်တင်ပြန်ရောင်း။ နေရာဒေသကို ကုန်ကူးခြင်းဆိုတာ ပေါများတဲ့ ဒေသက ကုန်ပစ္စည်းကို ရှားပါးတဲ့ဒေသကို သယ်လာ၊ ဈေးတင်ရောင်းချ၊ ဒါပါပဲ။ နှလုံးသား မှတ်သိစိတ်နဲ့ ကုန်ကူးတယ်ဆိုတာကတော့ ပိုပြီး နက်နဲတယ်။ သိမ်မွေ့တယ်။ "သူဟာဖြင့်တော့ အလွန်ယုံကြည်ထိုက်သူ၊ ကိုးစားထိုက်သူ၊ ငါ့ကို ဘယ်တော့မှ မလှည့်ဖြားဘူး၊ ငါ့ရဲ့ နှလုံးသားမှာ ကိန်းဝပ်သွားပြီဆိုရင် နှလုံးသား မှတ်သိစိတ်နဲ့ ကုန်ကူးခြင်း

mgyoe.com

mgyoe.com


အဆင့် ရောက်သွားပြီ။ ရိုးသားဖြောင့်မတ်ပြီး ဖန်တီးမှုမြင့်မားတဲ့ အနုပညာရှင်တွေ၊ စေတနာမှန်တဲ့ ဆရာဝန်တွေဟာ နှလုံးသား မှတ်သိစိတ်နဲ့ ကုန်ကူးကြသူတွေ ဖြစ်ပါတယ်။

ဒီစာရေးဆရာကြီးရဲ့စာတွေမှာ တန်ဖိုးထားအပ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ရဲ့ ဂုဏ်ရည်တွေ၊ အမှန်နဲ့ အမှား၊ အလင်းနဲ့ အမှောင်၊ ဓမ္မနဲ့ အဓမ္မတွေကို နှိုင်းယှဉ် ချိန်ထိုးထားတာတွေ အများကြီး တွေ့နိုင်ပါတယ်။ သက်ရှင်ထင်ရှား မရှိတော့ပေမဲ့ ကျွန်တော့်ဘဝ၊ ကျွန်တော့် စိတ္တဗေဒတွေကို လမ်းညွှန်ပဲ့ပြင်ခဲ့သူ တစ်ဦးပမာ ကျွန်တော် လေးစား တန်ဖိုးထားနေဆဲပါပဲ။ လူတိုင်းရဲ့ ဘဝတွေမှာလည်း "နှလုံးသားမှတ်သိစိတ်" ထဲ ကိန်းဝပ်နေတဲ့သူတွေ ရှိပါလိမ့်မယ်။ နှလုံးသား မှတ်သိစိတ်မှာ ကိန်းဝပ်နေတဲ့သူတွေဆိုတာ ကိုယ့်မှာ စိတ်ပိုင်းဆိုင်ရာ အခက်အခဲတွေဖြစ်တဲ့အချိန်မှာ ကိုယ့်ရဲ့ စိတ္တဗေဒ ရည်ညွှန်းရာ ပုဂ္ဂိုလ်တွေ ဖြစ်နေတတ်ပါတယ်။ ဒီအခက်အခဲတွေကို သူသာဆိုရင်တော့ ဘယ်လို ရင်ဆိုင်သွားလိမ့်မယ်၊ ဘယ်လို ဖြေရှင်းသွားလိမ့်မယ်ဆိုပြီး တွေးနေမိတတ်တဲ့ သူတွေပါ။

ကျွန်တော့်ရဲ့ နှလုံးသား မှတ်သိစိတ်မှာ စွဲထင်နေတဲ့ သူငယ်ချင်း သုံးယောက်ရှိပါတယ်။ တောင်ကြီးတုန်းက ဆုံခဲ့ဖူးတဲ့ သူငယ်ချင်း နှစ်ယောက်၊ ဆေးကျောင်းရောက်တော့ ခင်တဲ့အထဲက တစ်ယောက် ရှိပါတယ်။ တစ်ယောက်က သူ့ရသတွေ့နဲ့ တကယ်ပြည့်စုံပြီး အမှန်တရားအတွက် ကိုယ့်ရဲ့အသက်အန္တရာယ်ကိုတောင် မငဲ့ကွက်ဘဲ သူတစ်ပါးရဲ့ သိက္ခာကို ကာကွယ်ပေးခဲ့သူဖြစ်ပါတယ်။ သူကတော့ စာ မတော်ရှာလို့ ဆရာဝန်တော့ မဖြစ်ခဲ့ပါဘူး။ အခုဘယ်ကိုရောက်ပြီး ဘာတွေဖြစ်နေသလဲ၊ ကျွန်တော်မသိပါ။ နောက်တစ်ယောက်က ကိုယ်ယုံကြည်ရာကို မြဲမြဲမြံမြံ စွဲစွဲမြဲမြဲလုပ်တတ်တဲ့ ဝီရိယနဲ့ အဓိဋ္ဌာန်

mgyoe.com

mgyoe.com


စွမ်းအား ကြီးမားလှပါတယ်။ ဝီရိယရှိတိုင်း ကျွန်တော် မချီးကျူး တတ်ပါဘူး။ သူ့ရဲ့ အကောင်းဆုံး အလှတရားကတော့ မှန်ကန်တဲ့ သမာဒိဋ္ဌိအမြင် ရှိခြင်းပါ။ မြန်မာနိုင်ငံအလယ်ပိုင်းက မြို့တစ်မြို့မှာ နေထိုင်နေတယ်လို့ သိရပါတယ်။ အားလုံးသော သုံးယောက်ရဲ့ တူညီ ချက်က "သစ္စာစကား" သာ ဆိုတတ်ခြင်းပါ။ ကျွန်တော်ဆိုလိုတဲ့ "သစ္စာစကား" ဆိုတာက ရင်ထဲက ယုံကြည်ချက်နဲ့ နှုတ်ထွက်စကား ကိုက်ညီခြင်းကို ဆိုလိုတာပါ။ ယခုအခါ ကျွန်တော်ဟာ ကိုယ့်ဘဝ ရပ်တည်မှုအတွက် "ရေကြည်ရာ၊ မြက်နုရာ သွားလာနေထိုင်နေရသူ ဖြစ်တဲ့အတွက် သူတို့နဲ့ မတွေ့နိုင်တော့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါ ပြီ။ အခါအခွင့်သင့်ရင် သူတို့နဲ့ ပြန်ပြီး ဆုံတွေ့ချင်ပါတယ်။ သူတို့ ပြောတဲ့ "သစ္စာစကား" တွေကို နားထောင်ချင်ပါသေးတယ်။

✧

mgyoe.com

mgyoe.com



# ခရီးသည်

ထိုနေ့က သူတို့သုံးယောက်ရဲ့ စကားဝိုင်းမှာ ကျွန်တော်ရှိနေခဲ့တယ်။ နိုင်ငံရပ်ခြားမှာ နေထိုင်လုပ်ကိုင်ရခြင်းနဲ့ ပတ်သက်တဲ့ ဘဝအမြင်တွေကို ဆွေးနွေးဖြစ်ကြတာပါ။ နှစ်ယောက်သော သူရဲ့အမြင်က ကျွန်တော့်ဘဝင်မှာ ဘာမှမစွဲငြိပါ။ တစ်ယောက်ကနိုင်ငံခြားဆို အလွန်အကျွံ အထင်ကြီး၊ လူဖြူတွေရဲ့လုပ်သမျှ စရိုက်ပုံစံတွေကို စံတစ်ခုပမာထားပြီး ပြောဆိုနေပုံမှာ အလွန်တရာ နှစ်မြို့ဖွယ်မရှိပါ။ ကျန်တစ်ယောက်က နိုင်ငံခြားမှာ နေထိုင်ရခြင်းကို အထူးငြီးငွေ့ မနှစ်သက်သည့် အခြားသော အစွန်းတစ်ဖက်မှလူ ဖြစ်ပါသည်။

ဆံစနားသယ် ဖြူစပြုနေပြီး အမြဲတမ်း တွေးတွေးဆဆ ရှိတတ်တဲ့သူကတော့ နိုင်ငံခြားတိုင်းပြည်တွေကို နောက်ခံဘဝ အခြေအနေ အမျိုးမျိုးတွေရဲ့ တွန်းပို့မှုကြောင့် ရောက်နေရတဲ့ ကိုယ်တို့ဘဝတွေဟာ ဘာမှအထင်ကြီး လေးစားစရာ၊ တသသ ဖက်တွယ်နေစရာ ဘဝတွေ မဟုတ်သလို၊ ကဲ့ရဲ့ ရှုတ်ချစရာ ပြစ်တင်ညည်းညူနေစရာလည်း မဟုတ်ပါဘူး။ ဒုလ္လဘတစ်ခု မဟုတ်သလို ဒုက္ခဘုံလည်း မဟုတ်ပြန်ဘူး။

mgyoe.com

mgyoe.com


လူတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုလမ်းကြောင်း ရွေးချယ်မှု ပုံစံတစ်ခုပဲလို့ ကျွန်တော်ကတော့ မြင်ပါတယ်။ သူ့စကားအဆုံးမှာ ကျွန်တော်တို့အားလုံး အဝေးကို မျှော်ကြည့်နေကြတယ်။ အတွေး ကိုယ်စီနဲ့ . . .။

✧

mgyoe.com

mgyoe.com



## သာတဲ့အခါ သာပါလိမ့်

မိုးထက်က လပြည့်ဝန်းကို မျှော်ကြည့်ရင်း လူမမယ်ကလေး ငယ်သည် ဤသို့တီတီတာတာ ဆိုရှာပါသည်။ "မေမေရယ်၊ လပြည့်ကြီးက ဝိုင်းစက်နေတာပဲ၊ ချစ်စရာကောင်းလိုက်တာ၊ သဘောလည်း အရမ်းကောင်းမှာပဲနော်။ သား အပိုင်လိုချင်လိုက်တာ မေမေရယ်" မိခင်က ဘာမှပြန်မပြောဘဲ သားငယ်ကိုပြုံး၍သာ ကြည့်နေခဲ့ပါသည်။ ရက်အချို့ နှောင်းရစ်၍ ကောင်းသစ်သော တစ်ညဝယ် သားအမိနှစ်ယောက် လမ်းလျှောက်ထွက်ဖြစ်ခဲ့ပြန်ပါသည်။ သားငယ်က ကောင်းကင်ထက်ကို မော့ကြည့်ရင်း အလန့်တကြားနဲ့ "မေမေ . . . လပြည့်ဝန်းကြီး ဘယ်မှာလဲဟင်၊ သား မတွေ့တော့ဘူး"

"ဟိုမှာလေ သားလေးရဲ့" မိခင်က တစ်ခြမ်းပဲ့ လကလေးကို ညွှန်ပြရင်း ဖြေပါသည်။ "ဟာ ... ဒါ၊ သားသိတဲ့ လပြည့်ဝန်းကြီးမှ မဟုတ်တာ၊ မေမေ လိမ်ပြောတယ်"။ မိခင်က ဆိုပါသည်။ "သြော်... သားလေးရယ်၊ အဲဒါ သားသိခဲ့တဲ့ လပြည့်ဝန်းကြီးပါပဲ။ သားကြီးလာတဲ့တစ်နေ့ နားလည်လာပါလိမ့်မယ်။ ဘယ်အရာ၊ ဘယ်သူ့ဆီကမှ အမြဲတမ်း အပြည့်ဝဆုံးတွေနဲ့ အကောင်းဆုံးတွေကိုချည်း မျှော်လင့်လို့ မရပါဘူး သားလေးရယ်။"

mgyoe.com

mgyoe.com


ဆုတ်လိုက်၊ တက်လိုက်၊ နိမ့်လိုက်၊ မြင့်လိုက် ရှိနေတတ်တာ သဘာဝပါ။ တစ်စုံတစ်ရာ၊ တစ်စုံတစ်ယောက်ဆီက အကောင်းဆုံးတွေကိုပဲ မျှော်လင့်နေခဲ့ရင် မျှော်လင့်သူသာ မတရားရာကြပါလိမ့်မယ် သားရယ်" ...။ သားငယ်သည် နားမလည်နိုင်ဟန်ဖြင့် မိခင်၏ မျက်နှာအား ငေးစိုက်ကြည့်နေပါတော့သည်။

✧

mgyoe.com

mgyoe.com



# နောက်ဆုံးလောကစံ

ညဥ့်နက်လို့ ပြန်ခါနီးမှာ သူက ပြောပါသည်။ ''ကနဦးမှာ ခင်ဗျားလည်း ရေးခဲ့ဖူးပါတယ်။ စာရေးဆရာ ''ဆန်းလွင်'' ရဲ့ အတွေး စကား၊ ကျွန်တော် အလွတ်ကို ရနေပါသေးတယ်။ ''ရင်ထဲမှာ တည် ဆောက်ထားရမည့်တရား တစ်ခုတည်းသာရှိသည်ဟု ရှုမြင်သုံးသပ် ထားပါသည်။ ထိုတရားသည် လောကစံ၌ တုန်လှုပ်ခြင်း မရှိဖို့ပင် ဖြစ်ပါသည်'' ....။ သူက အဲဒီလို ပြန်လည်ရွတ်ပြခဲ့ပါသည်။ ဆက်ပြီး သူက ... ''ဆန်းလွင်'' ရဲ့ အဲဒီစကားကို ကျွန်တော် သိပ်တန်ဖိုး ထားပါတယ်။ ဘဝရဲ့ လမ်းညွှန်တရားတစ်ခု . . . အဖြစ် ကို ခံယူကျင့်သုံးခဲ့ပါတယ်။ ဘဝရဲ့ အနိမ့်အမြင့်၊ အတက်အကျတွေကို ဆင်ခြင်မိလာတယ်။

ကြုံခဲ့ရတဲ့ လောကစံတွေအတွက် စိတ်ဒဏ်ရာတွေကနေ သက် သာစေခဲ့တယ်။ မကြုံရသေးပေမဲ့ နောင်မလွဲမသွေ ကြုံလာရမယ့် လောကစံတွေအတွက် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေ လုပ်နိုင်ခဲ့ပါ တယ်။ ''ဆန်းလွင်'ရဲ့ တရားစကားဟာ ဆရာတော် ''ဦးဇောတိက'' ရဲ့ ဓမ္မဒေသနတစ်ခုကို နာကြားရတဲ့အခါမှာ ပြီးပြည့်စုံမှုတစ်ခုကို

mgyoe.com

mgyoe.com

ရောက်သွားတယ်လို့ ခံစားလိုက်ရတယ်ဗျာ''ဆရာတော်'' က ... ဘဝရဲ့ နောက်ဆုံးလောကခံဟာ ... ''သေခြင်းတရား'' တဲ့။ ဘယ်လောက် လေးနက်တဲ့ စကားပါလိမ့်။

ပညာရှိနှစ်ဦးရဲ့ စကားနှစ်ခွန်းကို ပေါင်းစပ်ရင် ကံတစ်ခုကုန်ဆုံးလို့ သဘာဝမွေ့အရ ဘဝချုပ်ငြိမ်းရတဲ့ သေခြင်းကိုအထိ တည်ငြိမ်စွာ ရင်ဆိုင်ဖို့ လမ်းညွှန်သွားခဲ့သလိုပဲ။ အဲဒီအတွက် ဓမ္မအသိတွေ ပြည့်ဝဖို့ ဆုံးမသွားခဲ့သလိုပါပဲဗျာ။ ပြောပြီးတော့ သူထွက်သွားခဲ့ပါသည်။ ညရဲ့ ကြယ်အရောင်အောက်မှာ လျှောက်လှမ်းသွားတဲ့ သူ့ခြေလှမ်းတွေဟာ အရင်ကထက် ပိုမိုခိုင်ခန့်နေတယ်လို့ ကျွန်တော် ခံစားလိုက်ရပါတယ်။

✧

mgyoe.com

mgyoe.com



# သူပြန်လာပြီ

ပန်းတွေ၏ သဘာဝမှာ ပန်သူ မရှိလည်း ပွင့်ရပါသည်…
စမ်းရေ၏ သဘာဝမှာ ဆန်သူ မရှိလည်း လွင့်ရပါသည်…
ကမ်းခြေ၏ သဘာဝမှာ ပြန်သူ မရှိလည်း လင့်ရပါသည်…

မကြုံရစေချင်ပါ… ကြွေရက်ကယ်စောသော ပန်းရဲ့ဘဝ …
မကြားရစေလိုပါ… မြေသက်ကွယ် ကောသောစမ်းရဲ့ဘဝ…
မဖြစ်စေချင်ရက်ပါ… ချေဖျက်သယ်မျောခံရသော
ကမ်းရဲ့ဘဝ …

လောကကို အလှဆင်ခဲ့သူတွေမို့ ခဏပင်ဖြစ်ဖြစ်
(ဪ . . .) လှစေချင်ပါသည်။

ပန်းကလေးရယ် … မွှေးပါစေ။
စမ်းကလေးရယ် … အေးပါစေ။
ကမ်းကလေးရယ် …
(ရက်စက်စွာ ချေဖျက်တိုက်စားခံရ ခြင်းမှ) ဝေးပါစေ။

mgyoe.com

mgyoe.com

ငယ်နုစဉ်က ရေးခဲ့သော "ရင်မှာဆန္ဒ" ဆိုသော ကဗျာလေးကို ပြန်လည်ခံစားမိပါသည်။ ငယ်နုသော အသိဉာဏ်ဖြင့် ရေးခဲ့သည်မို့သာ အတွေးအခေါ် ရှုထောင့်မှကြည့်လျှင် နက်ရှိုင်းလိမ့်မည် မဟုတ်ပါ။ သို့သော် ကျွန်တော့်ဘဝင်မှာ ချိုလွင်နေဆဲသာ ဖြစ်ပါသည်။ ထိုကဗျာသည် လက်တွေ့မဆန်ပါ၊ စိတ်ကူးယဉ် ဆန်လွန်းသည်ဆိုလာလျှင်လည်း အယူခံ မဝင်လိုပါ။ ဘဝဆိုသည်မှာ လက်တွေ့ဆန်ခြင်းတစ်ဝက်၊ စိတ်ကူးယဉ်ခြင်းတချို့နဲ့ ခံစားတတ်ခြင်း တစ်ပါးတို့ပေါင်းစပ်ထားသည် မဟုတ်ပါလား။ အမြင်မတူသူတို့၏ ငြူစူခြင်းကိုလည်းကောင်း၊ အတွေးမတူသူတို့၏ အရေးတယူ မရှိခြင်းကိုလည်းကောင်း စိတ်မှာ စနိုးစနောင့် မဖြစ်မိတော့ပါ။ ထိုကဗျာလေးကို ပြန်ခံစားဖြစ်တော့ ရင်ထဲမှာရှိတဲ့ ရသစာပေကို မြတ်နိုးစိတ်၊ တွေးခေါ်ခြင်းကို တန်ဖိုးထားစိတ်တို့က ပိုတိုးလာသလို ခံစားလိုက်မိပါသည်။ ထို့ကြောင့် ရင်ထဲမှာ ဖွဖွညင်ညင် ရွတ်ဆိုလိုက်မိပါသည်။ ဩော်… သူ ပြန်လာပြီ …။

✧

mgyoe.com

mgyoe.com



# ကမ်းပါးစွန်းနှစ်ဖက်

ကွင်းစလန်းပြည်နယ်၊ အင်ဂန် (Ingham)ဆိုသောမြို့ကလေးတွင် နေခဲ့စဉ်ကပေါ့။ ထိုမြို့လေးနှင့် မိုင်သုံးဆယ်ကျော် အကွာအဝေးတွင် Wallaman Falls ဟုခေါ်တွင်သော ရေတံခွန်တစ်ခုရှိပါသည်။ ထို ရေတံခွန်သည် တောနက်ကြီးထဲတွင်ရှိ၍ သူတို့၏ မှတ်တမ်းများအရ ဆိုပါလျှင် ဩစတြေးလျနိုင်ငံ၏ အရှည်ဆုံး ရေတံခွန်ဖြစ်ပါသည်။ ထိပ်ဖျားမှ အောက်ခြေအထိ ဝါးလုံးထိုး စီးဆင်းနေသော ရေတံခွန်၏ အမြင့်မှာ ပေတစ်ထောင်ခန့် ရှိပါသည်။ ရေတံခွန်သည် တောနက်ကြီး၏ တောင်တန်းများကြားတွင်ရှိ၍ ရေတံခွန်၏ အောက်ခြေသို့ ရောက်ရန် တစ်ဖက်မျက်နှာချင်းဆိုင်ရှိ တောင်ကုန်းတစ်ခု၏ထိပ်မှ တောင်အောက် ခြေသို့တိုင် လျှိုမြောင်များ၊ ချုံနွယ် အသွယ်သွယ်တို့ကို ဖြတ်ကာ ဖောက်လုပ်ထားသော တောင်ပတ်လမ်းကလေးများမှတစ်ဆင့် ဆင်း သက်ရပါသည်။ မြေပြန့်တွင် ပေတစ်ထောင် အကွာအဝေးမှာ ဘာမျှ မပြောပလောက်သော်လည်း တောနက်ကြီးအတွင်းမှ တောင်ပတ်လမ်း ငယ်ကလေးများကိုသာ အဆင့်ဆင့်ဖြတ်ကာ ဆင်းတက်ရသော ပေ တစ်ထောင်မြင့် တောင်ကုန်းတစ်ခု၏ အဆင်းအတက်မှာ ကျွန်တော် ယခင်ထင်ခဲ့သည်ထက် များစွာပင်ပန်းလှပါသည်။

mgyoe.com

mgyoe.com


ထိုတစ်နေ့က သူနဲ့ကျွန်တော်တို့ ဝေါလမန်ရေတံခွန်သို့ သွားဖြစ်ခဲ့ပါသည်။ တောင်ဆင်းတောင်တက်လမ်းများမှာ မိုးဖွဲကလေးများကြောင့် အတော်အသင့် ချောနေပါသည်။ ညနေ နေစောင်းလာချိန်လည်းဖြစ်ပြန်၊ မိုးရိပ်မိုးယောင်၊ တောရိပ်တောင်စွယ်တို့ကြောင့် တောင်ဆင်းလမ်းမှာ အမှောင်ရိပ်များပင် သန်းနေပါပြီ။ တစ်ခါတစ်ရံတွင် လမ်းတစ်လျှောက်ရှိ ဆူးပန်းဝါးခက်တို့နှင့် လက်ခြေခန္ဓာတို့တွင် ပွန်းရှမိသည်တို့ရှိ၏။ တောရိုင်း၊ ယင်မဲတို့က လာရောက် ကိုက်ခဲသည်များလည်းရှိ၏။ အတော်အသင့် အားထုတ်မှုတစ်ခုပြုပြီးမှ ရေတံခွန်အောက်ခြေသို့ ရောက်ခဲ့ရပါသည်။

နှစ်ပရိစ္ဆေဒကြာမြင့်စွာ ဝါးလုံးထိုး စီးဆင်းနေသော ရေအဟုန်ကြောင့် အောက်ခြေတွင် ပေ (၇၀) လောက်နက်သော ရေအိုင်ကြီးတစ်ခုဖြစ်နေပါသည်။ ကျွန်တော်တို့ရပ်နေသော သည်ဖက် ကမ်းပါးမှဆိုလျှင် တစ်ဖက်တွင်မြင်နေရသော ကမ်းပါးတစ်ခုမှာ ပေလေးငါးရာခန့် ဝေးကွာနိုင်ပါသည်။ နက်ရှိုင်းသော ရေပြင်၊ ပြင်းထန်သော ရေစီးအဟုန်တို့ကြောင့် ထိုတစ်ဖက်ကမ်းပါးသို့သွားရန် မဖြစ်နိုင်ပါ။ တောင်ခြေတွင် ခေတ္တနားခိုက် သူက ဒီလိုဆိုပါသည်။ ဒီကမ်းစပ်၊ ဒီတောင်ခြေ၊ ဒီကမ်းပါးစွန်းကို ရောက်ဖို့ဆိုတာကို လူ့ဘဝကို ရောက်ရတာနဲ့ နှိုင်းယှဉ် မြင်ယောင်ကြည့်ပါဗျာ။ လူ့ဘဝကို ရောက်ရဖို့ဆိုတာ မလွယ်လှပါဘူးဗျာ။ သံသရာရဲ့ အနက်အနဲ၊ ကံကြမ္မာရဲ့ အခက်အခဲတွေကို လွန်မြောက်ပြီးမှ လူ့ဘဝတစ်ခု ဖြစ်တည်လာရတယ်။ ဒါပေမဲ့ ကြည့်လိုက်စမ်း... ဟိုဖက်ကမ်းကို သွားဖို့ကြတော့လည်း မဖြစ်နိုင်လောက်အောင် ခက်ခဲနေပြန်ရော။ ဒီလောက်အားပြင်းတဲ့ ရေလုံးကြီးက တားဆီးထားတာ။ အဲဒါကြောင့် ဆရာတော် အရှင်ဉာဏိဿရ ဟောကြားခဲ့တာပေါ့။ ကမ်းပါးနှစ်ခုဟာ ကြားမှာ ရေအပြည့်ရှိနေရင် ဝေးကွာနေ

mgyoe.com


လိမ့်မယ်။ ရေနည်းသွားရင် ကူးဖြတ်သွားဖို့ ပိုလွယ်သွားပြီး နိုင်းရသဘောအရ နီးသွားပါလိမ့်မယ်။ တစ်ခါတလေများ ရေတွေ သိပ်များပြီး လျှံသွားလို့ရှိရင် ကမ်းပါးတွေတောင် မမြင်နိုင်အောင်ဖြစ်ပြီး ပျောက်သွားတော့တာ။ ကမ်းပါးတစ်ဖက်ကတော့ ဒီဘဝရဲ့ ရုပ်နာမ်ခန္ဓာပေါ့ဗျာ။ နောက်ကမ်းပါးတစ်ဖက်ကတော့ ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာ မဂ်တရား၊ ဖိုလ်တရားပေါ့ဗျာ။ အလယ်က ခြားနေတဲ့ ရေပြင်ကြီးကတော့ ကိလေသာ အမှောင်တိုက်ကြီးပေါ့။

ဒီသဘောတရားကို လောကုတ္တရာနယ်ပယ်မှာသာမက လောကီနယ်ပယ်မှာလည်း ရည်ညွှန်းနိုင်ပါတယ်။ ကျွန်တော်တို့ဟာ တစ်စုံတစ်ခုသော လောကီအကျိုးကို လိုချင်တယ်ဗျာ။ ဘာလိုချင်တယ်ဆိုတာလည်း သိနေမြင်နေတယ်ဗျာ။ ဒါပေမဲ့ ဖွဲ၊ စိတ်ဓာတ်၊ အားမာန်၊ ဝီရိယ၊ ယုံကြည်မှု၊ မခိုင်မာခြင်းဆိုတဲ့ ရေပြင်ကြီးက ခြားခြားနေတယ်ဗျ။ ဒါတွေက ကျွန်တော်တို့ ခဏခဏကြုံနေရတဲ့ လက်တွေ့ပါ။ ကြာတော့ကိုယ့်ရဲ့ မထက်သန်မှုတွေကြောင့်ဘဲ မအောင်မြင်ရတာကို အမှန်တရားတစ်ခုယောင်ယောင် ကိုယ့်စိတ်ကို လှည့်စားချင်သေးတယ်…။ ကံ ကံ၏အကျိုးတို့ ဘာတို့လုပ်ချင်သေးတယ်။ သူ့စကား နိဂုံးမချုပ်သေးမီမှာ ကျွန်တော်ဟာ ရှေ့မှာဝါးလုံးထိုး စီးဆင်းနေတဲ့ ရေတံခွန်ကြီးကိုသာ ငေးကြည့်နေမိခဲ့ပါတယ်။

✧

mgyoe.com

mgyoe.com


## သဗ္ဗေသတ္တာ ကမ္မသကာ

အာရုံကို သိတတ်သောသဘောကို စိတ် ဟု ဆိုပါသည်။ ထိုစိတ် အာရုံတို့ကို လွှမ်းမိုးခြယ်လှယ်နေသော သဘောတရားများကို "စေတသိက်"များဟု ဗုဒ္ဓအဘိဓမ္မာတွင် ရှင်းလင်းဖွင့်ဆိုပါသည်။ သူနှင့် ကျွန်တော် ရင်းနှီးသိကျွမ်းခဲ့သည်မှာ မကြာသေးပါ။ သို့ရာတွင် ကျွန်တော်၏ စိတ်၌ကား ထိုသူအား ဘဝပေါင်းများစွာကတည်းက ရင်းနှီးကျွမ်းဝင်နေပြီးသူလို ခံစားရပါသည်။ မိမိ၏ နှလုံးအိမ်ဝယ် တန်ဖိုးထားသော အရည်အသွေးများရှိသူ၊ မိမိ၏အကျိုးကို လိုလားသူ၊ မိမိအား ထာဝစဉ် ရိုးသားစွာ ဆက်ဆံတတ်သူဆိုသော ဂုဏ်ရည်များကြောင့်ဖြစ်ပါလိမ့်မည်။ တစ်ခါတစ်ရံ၌ သူ့အတွေးအခေါ်၊ အယူအဆတို့သည် ကျွန်တော့်အတွက် အသိတရားလမ်းညွှန်များအဖြစ်ဖြင့်ပင် တန်ဖိုးထားရလောက်အောင် လေးနက်လှပါသည်။ သူသည် နက်ရှိုင်းသူ၊ ခိုင်ကျည်သူအဖြစ် ကနဦးကတည်းက သတိထားမိခဲ့ကြပါသည်။ မိဘနှစ်ပါး၏ စိတ်တွင် အရိပ်မထင်အောင် နေထိုင်ခဲ့သူ၊ ကျေးဇူးတရားကို သိတတ်ခဲ့သော သားတစ်ဦးလည်းဖြစ်ပါသည်။

ကျွန်တော်တို့ရှေ့တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုက သူ၏ ရင်တွင်းတွင် ဆောက်တည်ထားသော ဓမ္မအတိမ်အနက်ကို မှတ်ကျောက်

mgyoe.com

mgyoe.com


အတင်ခံနိုင်ခဲ့ပါသည်။ သူ့ဖခင် ကွယ်လွန်သောကြောင့် ဖုန်းသတင်း ရရှိနိုင်တွင်ရော၊ နောက်အခိုက်အတန့်များတွင်ပါ သူ၏ တည်ငြိမ်ရင့်ကျက်မှုမှာ စာဖွဲ့ကာ ချီးကျူးထိုက်သည်ဟု ကျွန်တော် ယုံကြည်မိပါသည်။ ကျွန်တော်တို့ရှေ့တွင် သူ ဖုန်းသတင်းရသည်မို့ ကျွန်တော်တို့က စိတ်မကောင်းကြောင်း ဝမ်းနည်းစကားဆိုရာတွင် သူက ဒီလိုပြန်ပြောခဲ့ပါသည်။ "သဗ္ဗေသတ္တာ ကမ္မသကာ" "လောကရှိ သတ္တဝါအားလုံးတို့သည် ကိုယ်ပြုခဲ့သော ကံအစွမ်းသတ္တိတို့၏ စေစားရာအတိုင်းသာဖြစ်ကြရကုန်၏" … ထိုသို့ တည်ငြိမ်စွာ ရေရွတ်ပါသည်။ ပြီးတော့ သူက "ဒီဘဝရဲ့ ရုပ်နာမ်တွေ မချုပ်ငြိမ်းခင်မှာ …(တစ်နည်း) မသေခင်မှာ မြင့်မြတ်တဲ့ ဗြဟ္မာတို့ရဲ့ အကျင့်ဖြစ်တဲ့ ကျွန်တော်တို့ ဗြဟ္မစိုရ်တရားလို့ ခေါ်ကြတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာနဲ့ နေထိုင်ဖို့ ကိုယ်တတ်နိုင်သလောက် ကျွန်တော် ကြိုးစားခဲ့ပါတယ်။ ဒါတွေဟာ လောကကို စောင့်ရှောက်တဲ့ လောကပါလတရားတွေ မဟုတ်ပါလားဗျာ"

ဒါပေမဲ့ ချစ်သောသူတွေနဲ့ ခွာခွာရချိန်မှာ အဲဒီထက် ပိုအဆင့်မြင့်တဲ့ ဘုရားရဲ့ ဒေသနာတော်နဲ့အညီ နေနိုင်ဖို့ ကျွန်တော်ကြိုးစားပါတယ်။ ကျွန်တော်တို့ မြတ်စွာဘုရားဟောကြားခဲ့ဖူးပါတယ်။ "သံသရာတစ်လျှောက်လုံးမှာ ချစ်သောသူတွေနဲ့ ကွေကွင်းရလို့ ကျခဲ့ရတဲ့ မျက်ရည်တွေကို ပေါင်းစုရင် သမုဒ္ဒရာ လေးစင်းစာလောက် ရှိလိမ့်မယ်" … တဲ့။ ကျွန်တော်ယုံကြည်တဲ့ ဗုဒ္ဓရဲ့ အမြင့်ဆုံးဒဿနတွေထဲက တစ်ခုက "ဥပေက္ခာစေတသိက်" ပါ။ ဘုရားဟောခဲ့တဲ့ "ဥပေက္ခာ" ဆိုတဲ့ သဘောက လျစ်လျူရှုခြင်းသဘော လုံးဝမဟုတ်ဘူး။ indifferent လည်း လုံးဝမဟုတ်ဘူး။ ဆုတ်နစ်ခြင်း၊ ထောင်လွှားခြင်းကင်းသော သဘောနဲ့ တည်ငြိမ်နေတဲ့ စိတ်ရဲ့အမြင့်ဆုံး အရည်အသွေး

mgyoe.com

mgyoe.com


တစ်ရပ်ပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ ထေရဝါဒ ဗုဒ္ဓမြတ်စွာ အလောင်းတော်တိုင်း ဖြည့်ကျင့်ရတဲ့ ပါရမီဆယ်ပါးထဲမှာ "ဥပေက္ခာ ပါရမီ" ဆိုတာ အမြဲ ပါနေတာပေါ့ဗျာ။ ချစ်သောသူတွေနဲ့ ကွေကွင်း ရမယ်ဆိုတာ မရှောင်လွှဲနိုင်သော သစ္စာတရားပါ။ ကြုံလာခဲ့ရင် ဒီလို နှလုံးသွင်းနိုင်အောင် ပြင်ဆင်ထားခဲ့ပြီးပါပြီ။"

ထိုသူသည် ကျွန်တော်တို့အား လွန်စွာ အဆင့်မြင့်သော ဗုဒ္ဓ ဒေသနာတစ်ရပ်ကို လက်ဆင့်ကမ်း ဟောကြားလိုက်သည်ဟု ကျွန်တော် ခံစားလိုက်ရပါသည်။ သူပြန်သွားပြီး အတော် ကြာသည့်တိုင်အောင် ကျွန်တော် အတွေးနက်နေမိပါသည်။

"သဗ္ဗေသတ္တာ ကမ္မသကာ"

✧

mgyoe.com

mgyoe.com



## ချိုးမွမ်းကဲ့ရဲ့ရင့်ကျက်နာကျင်

သူရေးစပ်ထားတဲ့ သီချင်းသစ် နှစ်ပုဒ်ကို တီးပြခဲ့ပါသည်။ နှစ်ပုဒ်လုံးက သူ့ရဲ့ ပင်ကိုယ်ရေး ကိုယ်ပိုင်သံစဉ်များပါ။ နက်ရှိုင်းသော အတွေးအခေါ်၊ လွင်သော သံစဉ်၊ နှစ်သက်စွဲလမ်းဖွယ်သော သူ၏ Classical ဂစ်တာလက်သံနှင့် တီးဟန်တို့က ကျွန်တော်၏ ဟဒယ နှလုံးအိမ်ကို ထိခတ်ခဲ့ပါသည်။

"ကိုကျော်သစ်ရယ် … ခင်ဗျားဟာ လူမသိတဲ့ ပါရမီရှင်တစ်ယောက်ပါဗျာ" လို့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ချီးကျူးမိပါသည်။ သူက "ဆိုရိုးတစ်ခုရှိတယ်ဗျ၊ ချီးမွမ်းခံရခြင်းဟာ နှလုံးသားမှာ နှစ်သက်ဖွယ်ကောင်းသလောက် ရင့်ကျက်ခြင်းကိုကြတော့ တားဆီးပိတ်ပင်တတ်တယ်။ ကဲ့ရဲ့ခံရခြင်းဟာ နာသာခံခက်ပေမဲ့ ရင့်ကျက်ခြင်းကိုကြတော့ လျင်မြန်စေတယ်" တဲ့။

"ဒါပေမဲ့ဗျာ … ရွေးပါဆိုရင်တော့ … ကျွန်တော်က လူပီသစွာနဲ့ ချီးမွမ်းခံရခြင်းကိုသာ ရွေးချယ်ချင်ပါသေးတယ်"

✧

mgyoe.com

mgyoe.com


## ရေပွက်ပမာ

သူက ဆိုပါသည်။ ''ရေပွက်ပမာ'' ဆိုတဲ့ စကားလုံးက ဘုရားဟော သုတ္တန်လာ အနှိုင်းပြစကားစု တစ်ရပ်ဗျ။ ရရှိနေတဲ့ လူ့ဘဝဟာ သံသရာကြီးတစ်ခုလုံးနဲ့ နှိုင်းစာရင် သမုဒ္ဒရာရေပြင်ထက်မှာ ခဏတာ ထပွက်တဲ့ ရေပွက်ကလေးတစ်ခုပမာသာ ရှိလိမ့်မယ်'' တဲ့။ သံသရာကြီးကတော့ ဆုံးစမမြင်တဲ့ သမုဒ္ဒရာကြီးပေါ့ဗျာ'' သူ့စကားအဆုံးမှာ တစ်ယောက်က ဆိုပြန်ပါသည်။ ''ခင်ဗျားကို ကဏ္ဍာကောစ လုပ်တာတော့ မဟုတ်ဘူးဗျ။ ဘဝဟာ ရေပွက်ပမာဆိုတာ လောကုတ္တရာသဘောအရ မှန်ပါတယ်။ ဒါပေမဲ့ဗျာ ... တော်တော်ဆိုးတဲ့ အထက်လူကြီးတစ်ယောက်ရဲ့အောက်မှာ ကျွန်တော် ၃ နှစ်လောက် လုပ်ခဲ့ရတယ်။ ကျွန်တော် ဘာလုပ်လုပ် အကောင်းမမြင်ဘူးဗျာ။ အငြူအစူ၊ အဆဲအဆိုတွေက နေ့တိုင်း လွတ်ကို မလွတ်ဘူး။ ဘယ်တော့မှလည်း မျက်နှာကောင်း မရဘူးဗျ။ ကျွန်တော့်အတွက်တော့ ဒီလူကြီးနဲ့ လုပ်ခဲ့ရတဲ့ ၃ နှစ်လုံးဟာ ငရဲပါပဲဗျာ။ ကပ်ကမ္ဘာတစ်ခုလောက်ကြာတယ်လို့ အလွန်အကြူး မတင်စားချင်ပေမဲ့ တော်တော့်ကို ကြာတယ်လို့ ထင်ခဲ့မိတယ်ဗျို့''

အခြားတစ်ယောက်က ဝင်ထောက်ပါသည်။ ''ခင်ဗျားတို့နှစ်

mgyoe.com

mgyoe.com


ယောက်လုံး မှန်ပါတယ်။ တစ်ယောက်က သမုတိသစ္စာအမြင်နဲ့ဆိုပြီး တစ်ယောက်က ပရမတ္ထသစ္စာအမြင်နဲ့ ပြောတာဗျ။ မြတ်စွာဘုရားက ဒီသဘောတရားနှစ်ခုလုံးကို မှန်ကန်ခြင်းသစ္စာတွေလို့ ဟောခဲ့တာပဲ ဗျာ။ ပရမတ္ထအမြင်နဲ့ အဘိဓမ္မာကို ဟောခဲ့သလို သမုတိအမြင်နဲ့ ကျွတ်ထိုက်သူတွေကို ချေချွတ်ဖို့ သုတ္တန်တရားတော်တွေ ဟောခဲ့တာ ပဲ။ ပညတ်သဘောအရ အမည်သညာ သမုတ်ခေါ်ဝေါ်ခြင်းမှာ မှန် ကန်ပါတယ်လို့၊ ဒါဟာ… "သမုတိသစ္စာ" လို့ ဘုရားက ဟောခဲ့တာ ပဲဗျာ။ ပရမတ္ထအမြင်အရ "ငါ" ဆိုတာ မရှိဘူး။ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးပဲ ရှိပေမဲ့ သမုတိဖြစ်တဲ့ လောကီနယ်ပယ်မှာ "ငါ"၊ " ခင်ဗျား"၊ "သူ" ဆိုပြီး ပြောဆိုဆက်ဆံနေရတာပဲလေ။ ဒီလိုမှ မဟုတ်ရင် ဘယ်လိုရည်ညွှန်း ဆက်ဆံကြမလဲဗျ။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် "ငါဘုရား"၊ "ချစ်သားအာနန္ဒာ" ဆိုပြီး ခေါ်ဝေါ် ညွှန်းဆိုခဲ့သေးတာပဲ။

ဒီနေရာမှာ ဘုရားရှင်ဟောခဲ့တဲ့ သစ္စာနှစ်ပါးရဲ့ နှိုင်းဆအမြင် ကို ရှင်းရှင်းလင်းလင်း သဘောပေါက်ဖို့ လိုတယ်ဗျ။ မဟုတ်ရင် အပြစ်ရှာချင်သူတွေက ကြံဖန်ငြင်းချက်ထုတ်တာ ကျုပ်တို့ မဖြေရှင်း နိုင်ဖြစ်လိမ့်မယ်။ "ငါ" ဆိုသော အတ္တမရှိဘူးလည်း ဆိုသေးတယ်။ "ငါဘုရား" မဖြေရှင်းနိုင်ဖြစ်လိမ့်မယ်။ ဒါဟာ သူတို့ဘုရားဟောတဲ့ ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာဆိုတဲ့ နှိုင်းဆ အမြင်ကွာခြားတဲ့ သစ္စာ တရားနှစ်ပါးကို သဘောမပေါက်ကြလို့ဗျ။ ကျွန်တော်ကတော့ ဘာမှ ဝင်မပြောမိပါ။ ကမ်းမမြင် လမ်းမမြင်နိုင်အောင် အပြောကျယ်လှသော သမုဒ္ဒရာကြီးထဲမှာ ခဏတာ ထပွက်သော ရေပွက်ကလေးတစ်ခုကို သာ စိတ်မှာ မြင်ယောင်ကြည့်နေမိပါသည်။

✧

mgyoe.com

mgyoe.com


## တောင်ခြေမှာ လေကန်ခြင်း

တောင်တက်သမားတစ်ဦးက ဤသို့ပြောခဲ့ဖူးသည်ကို ကြားဖူး မှတ်ဖူးခဲ့ပါသည်။ "ငါသည် ထိုက်သင့်သော လုံ့လဉဿဟဖြင့် ထို တောင်မြင့်ကြီးကို တက်ခဲ့ပါသည်။ တောင်ထိပ်သို့ ရောက်ရှိကြောင်း အလံကို စိုက်ထူနိုင်ခဲ့သည်။ အေးမြသော တောင်ထိပ် လေ၊ ရှင်းလင်း ပြတ်သားသော တောင်ထိပ်မြင်ကွင်းကို တစ်ခဏတာ ခံစားပြီး တောင် ပေါ်မှ ပြန်ဆင်းခဲ့ပါသည်။ ငါ ထိုတောင်ထိပ်ကို တက်ရခြင်းသည် တောင်ထိပ်တွင် အပြီးနေရန် မဟုတ်။ ထိုသို့နေရန်မှာလည်း မဖြစ်နိုင်၊ သဘာဝလည်း မကျပေ။ ကြမ်းတမ်းခက်ထရော်ခြင်းနဲ့ မမြင်ရသော အန္တရာယ်တို့မှာ တောင်ထိပ်တိုင်း၌ အမြဲရှိသည်။

ငါ၏ စိတ်တွင် ရည်မှန်းထားသော သန္နိဋ္ဌာန်တစ်ခုကြောင့်သာ တက်ခဲ့ခြင်းဖြစ်သည်။ ဒီတစ်သက်တွင် ဒီတောင်မြင့်ကြီးကို ပြန်တက် ရန်လည်း အကြောင်းမရှိပါလေပြီ။ အခြားတစ်ပါးသော သူတို့က ထို့ထက်မြင့်မားသော တောင်ထိပ်များကို အောင်မြင်သွားစေကာမူ ငါ၏စိတ်တွင် ဘာမှမဖြစ်ပြီ။ ငါ၏ အဓိပ္ပာယ်သည် သူတစ်ပါးနှင့် နှိုင်း ယှဉ်ရန် မဟုတ်။ အသက်အရွယ် ကြီးရင့်၍ ထိုတောင်ခြေသို့ ပြန်ရောက်

mgyoe.com

mgyoe.com


လေတိုင်း ငါ၏ အောင်မြေပါကလား ဟူ၍သာ ကျေနပ်စိတ်ဖြင့် အတိပြီးသော ပီတိသဘောကိုသာ ငါခံစားပါတော့မည်။

ထိုအကြောင်းကို သူ့ကိုပြောပြတော့ . . .

"နားထောင်ရတာတော့ သိပ်ကောင်းတယ်ဗျာ။ စကားလုံးတွေကလည်း ရသမြောက်ပေ့ါ။ ဒါပေမဲ့ဗျာ ... တစ်သက်လုံးမှာ တစ်ခါမှ တောင်ထိပ်ကို မရောက်ဘူးတော့လည်း ဘဝဟာ ဘာများဖြစ်သွားမှာလည်းဗျာ။ တောင်ခြေမှာပဲ အခါးရည်လေးသောက်ပြီး လေကန်နေရရင်လည်း ကိုယ့်ဘဝကို ကျေနပ်နေရင် ပီတိဖြစ်စရာပဲ မဟုတ်ဘူးလားဗျာ"

သူ အဲဒီလို ပြောလိုက်တော့လည်း ဟုတ်သလိုလို ထင်မိပြန်ပါသည်။

✧

mgyoe.com

mgyoe.com


## နောက်ဆုံးခံကတုတ်

"ငယ်ရွယ်သူတွေဟာ အနာဂတ်အိပ်မက်တွေကြားမှာ ရှင်သန်ကြတယ်။ အသက်အရွယ်ကြီးရင့်သူတွေကတော့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုခြင်းမှာ နေထိုင်ကြတယ်" လို့ ဖားအောက်တောရ ဆရာတော် ဦးရေဝတက မိန့်ဆိုခဲ့ဖူးတယ်။ ဆရာတော်ရဲ့ စကားကို ကြားပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်ကြည့်မိတယ်။ ရှေးဟောင်းနှောင်းဖြစ်တွေက ဝစီကံမြောက် ပြောဆိုခြင်းတွေ အလွန်နည်းပါးပေမဲ့ မနောစိတ် အာရုံထဲမှာတော့ အတိတ်ကို အကြိမ်ကြိမ် တူးဆွနေမိနေတာပဲ။ အနာဂတ်ကာလများဆီလည်း အကြိမ်ကြိမ် လွင့်ပျံ့နေမိပါရဲ့။ ဆိုရရင် ဥဒ္ဓစ္စပျံ့လွင့်ခြင်းတွေ အမြဲ ဖြစ်နေသေးတာပေါ့။ ဆရာတော်စကားနဲ့ ချိန်ထိုးရရင် ငယ်ရွယ်ခြင်း သဘောရော၊ အိုမင်းခြင်း သဘောပါ ကျွန်တော့်စိတ်အစဉ်မှာ ကိန်းဝပ်နေတဲ့ သဘောပါပဲ။ လူတိုင်းဒီလိုပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။

အိုမင်းခြင်း ဆိုတာကို စာရေးဆရာ ဆန်းလွင်က ..."စိတ်နဲ့ရုပ် တစ်ခုနဲ့တစ်ခု အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းသဘော ယုတ်လျော့လာခြင်း" လို့ ဆိုခဲ့ဖူးပြန်တယ်။ ပုထုဇဉ်တစ်ယောက်သာမို့ အတိတ်၊

mgyoe.com

mgyoe.com


အနာဂတ်ကို ပျံ့လွင့်တတ်ခြင်းကို ပုံမှန်ပါပဲလို့ ကိုယ့်ကိုယ်ကိုယ် ဖြေတွေးကလေး တွေးမိပါသေးတယ်။ အတိတ်ကို အလွန်အမင်း စွဲလမ်းရင် ဥပါဒါန်ပဲ ဖြစ်လိမ့်မယ်။ ဥပါဒါန်သည် အနာဂတ်ကို သိပ်ပြီးစိတ်ကူးမြင်ယောင်ရင်ရော ဘယ်လိုတံဆိပ်ခပ်နှိပ်ရမလဲလို့ စဉ်းစားပြန်တော့ သူလည်း ဥပါဒါန်ပဲ ဖြစ်လို့နေပြန်ရော။ မရှိတဲ့ရုပ်ဒြပ်တွေကို ကိုယ့်အာရုံမှာ ဖန်ဆင်းပြီး တပ်မက်နေခြင်းသည်လည်း ဥပါဒါန်ပဲ မဟုတ်ပါလားဗျာ။

ဒီအကြောင်းတွေကို သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံသော ရဟန်းတော်တစ်ပါးကို တင်လျှောက်မိတော့ ဘုန်းကြီးက ဗုဒ္ဓနည်းကျ ဖြေရှင်းနည်းကို တိုတိုတုတ်တုတ် ရှင်းလင်းပြတ်သားစွာ မိန့်ကြားခဲ့ပါတယ်။ "အပ္ပမာဒေန သမ္ပာဒေထ" … မမေ့မလျော့၊ မပေါ့မဆသော သတိ၊ အမြဲရှိပါ" … ဟူလို့။

✧

mgyoe.com

mgyoe.com


# ရွှေပုံသံ

"ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးသည် သွေးပျက်လုခမန်း မြည်ဟည်းနေသော တော်လဲသံများဖြင့် ကြောက်မက်ဖွယ် ပကတိ အသွင်ကို ဆောင်နေသည်။ ပင်ပျိုပင်၊ သစ်ပင်ကြီးငယ်တို့သည် မျက်စိ ရှေ့၌ပင် ကောက်ပင်ပျိုတို့အား တံစဥ်ထက်ထက်ဖြင့် ရိတ်ဖြတ်လိုက် သလို အပိုင်းပိုင်းအပြတ်ပြတ် ပြိုလဲကျကုန်၏။ ဒေါမာန်ကြီးသော လေပြင်းကြောင့် ထိုပြတ်တောက်လွင့်ပါးနေသော သစ်ပင်ကြီးငယ်တို့ သည် အချင်းချင်း ပြင်းထန်စွာ ပွတ်တိုက်မိကြပြန်သေးသည်။ တည် ငြိမ်ခိုင်ခန့်လှပါသည်ဆိုသော ကျောက်စိုင်ကျောက်သားတို့သည်ပင် သမာဓိပျက်ယွင်း၍ မြေပြင်ထက်သို့ လွင့်စင်ကာ ပွတ်ခတ်ပေါက်ကွဲ ကုန်ကြလေ၏။ အကျိုးဆက်ကား မီးပွားများသည် ကြည့်လေရာတစ်ခွင် ၌ ဟုန်းဟုန်းတောက်နေတော့၏။ စကြာဝဠာ တိုက်တစ်သောင်းသည် မီးတောက်များ၏ ဒေါသရောင်ပြန်မှလွဲ၍ ပကတိ အလင်းရောင် ဆိတ်သုဉ်းနေချေပြီ။ ထိုလောကဓာတ်အလယ်၌ မျက်စိသူငယ်ဖြင့် ရောက်နေသော လူသားတစ်ဦး၏ ကြောက်လန့်ခြင်းမှာ ဆိုဖွယ်ရာ မရှိပြီ။ ကူကယ်ရာမဲ့သော ဘဝဝယ် မီးဝိုင်း၊ လေထန်၊ ရပ်တည်ရာ မြေကမ္ဘာသည်ပင် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါနေပြီဖြစ်ရာ သူ့ ရင်၌ဖြစ်စေ သိမ်ငယ်ခြင်းများကား မှန်းဆကြည့်လျှင်ပင် မမှန်နိုင်

mgyoe.com

တော့ပေ။ သို့သော် သူ့သဏ္ဍာန်၌ မဆိတ်သုဉ်း၊ မပျောက်ကွယ်သေးသည့် အရာနှစ်ခုကား "သတိတရားနှင့် မျှော်လင့်ချက်" တို့ပင် ဖြစ်ပါသည်။ မမေ့မလျော့သော သတိ၊ ခိုင်မြဲသော သမ္မဇဉ်တို့ဖြင့် ထက်ကောင်းကင်သို့ မမှိတ်မသုန် စိုက်ကြည့်နေရှာပါသည်။ ထိုအခိုက် ဝယ် မမှောင်သော မဟူရာနောက်ခံ ကောင်းကင်ထက်၌ ရွှေရောင် ပြိုးပြက် ဝင်းလက်သော ဗုံတို ဗုံရှည်ကြီးများ စီရရီ ပေါ်ထွက်လာကြသည်။

ထို့နောက် ထိုရွှေရောင်ဗုံများမှ ခန့်ညားသော၊ ကျက်သရေရှိသော၊ တစ်နည်းဆိုလျှင် နာပျော်ဖွယ်အတိပြီး၍ ဩဇာတိက္ကမလည်း ရှိသော ဗုံသံများက ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်လာကြသည်။ ထိုဗုံသံများ စတင်ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ထက်ကောင်းကင်ဝဋ္ဋာ ပြင်သည် လင်းရောင် စို့လာခဲ့သည်။ တော်လဲသံများက ပြေပျော့ လျော့နည်းစပြုလာသလို၊ အေးမြသော ကမ္ဘာပြုမိုးဖွဲကလေးများလည်း ရွာသွန်းစ ပြုလာခဲ့ပြီ။ သို့နှင့်အတူ မီးတောက်မီးလျှံများနှင့် လေပြင်းမုန်တိုင်းတို့သည် တိုးသက် ဖျော့တော့သွားလေသလိုလို။ ထိုမှတစ်ဖန် ဗုံသံများက ပိုမိုမြည်ဟည်းလာခဲ့ချေသည်။ တဖြည်းဖြည်းနဲ့ ပိုမိုမြိုင်ဆိုင် မြန်ဆန်လာသလို ယူဆောင်လာသော အားမာန်ခွန်အားတို့သည် လည်း ပိုမိုကြီးမားလာခဲ့သည်။ ရွှေဗုံသံများ၏ အမြင့်ဆုံးစည်းချက်ဝယ် ကောင်းကင်သည် ပကတိလင်းပ၍ ပြာလဲ့ကြည်စင်နေခဲ့ပြီ။ ကမ္ဘာပြုမိုးကြောင့် မီးငြိမ်း၊ လေသိမ်း၍ လောကဓာတ်တစ်ခွင်သည် ငြိမ်းချမ်းသာယာခဲ့ပြီ။ နှစ်သက်ဖွယ် သစ်ပင်ကြီးငယ်များ၊ ကောက်ပင်ပျိုးပင်များသည် ချစ်ဖွယ့်အသွင်ဖြင့် ပြန်လည်ပေါ်ထွက်လာကြတော့သည်။ ထိုမြေကမ္ဘာအလယ်မှ လူသားသည် လောကဟုဆိုသော ထိုတရား ပကတိ တည်ငြိမ်သော နှလုံးသားဖြင့် ရင်ဆိုင်ခဲ့ပါသည်။

mgyoe.com

mgyoe.com

အထက်ပါ စာပိုဒ်သည် ဆွံ့အသူတစ်ယောက်၏ အတွေးနယ်၊ တွေးမိပါလေသော်လည်း ဖော်ထုတ်ပြောပြပါလေခြင်းငှာ မတတ်နိုင်ပါလေသော၊ တစ်နည်းဆိုရပါလျှင် ဖတ်ရှုမည့် ပရိသတ် မရှိပါသော်လည်း စိတ်၏ တိုက်တွန်းမှုကြောင့် ကျွန်တော်ရေးသားနေသော ဝတ္ထုတိုတစ်ပုဒ်မှ နိမိတ်ပုံ အသွင်ဆောင်သော ဇာတ်ဝင်ခန်း တစ်ခုဖြစ်ပါသည်။

ထိုဝတ္ထုမှ ဇာတ်ကောင်သည် ကျွန်တော် မဟုတ်ပါ။ ထို့အတူ အခြားပုဂ္ဂိုလ်လည်း မဟုတ်ပါ။ ထိုဇာတ်ကောင်သည် လူသားအားလုံးကို ကိုယ်စားပြုနိုင်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ပထမပိုင်းတွင် သိမ်ငယ်သော နှလုံးသားဖြင့် သွေးပျက်လုခမန်း ကြောက်ရွံ့နေရသော သူ့အသွင်မှာ "ဒုက္ခသစ္စာ" ဆိုသော ပရမတ္ထ အမှန်တရားကြီး ရစ်ဖွဲ့ခံနေရသော လူ့ဘဝကို ဆိုလိုချင်ပါသည်။ "သတိတမံ ဉာဏ် မြေကတုတ်" သည် ထိုလူသား၏ မမိုတ်မသုန်သော သတ္တိဖြစ်ပါသည်။ ရွှေရောင်ဗုံများကား ထာဝရစစ်မှန်သော၊ ခိုင်ခန့်ပါလေသော တရားဓမ္မ အမှန်တရားများဖြစ်ပါသည်။ ထိုစစ်မှန်သော တရားများရှိနေပါသော်လည်း မြင်တတ်သော မျက်စိ၊ ကြားတတ်သော နားရှိမှသာ မြင်နိုင်ကြားနိုင်ပါလိမ့်မည်။ သို့ဆိုပါလျှင် ထိုဝတ္ထုမှ ဇာတ်ကောင်သည် ကျွန်တော်လည်း ဖြစ်နိုင်ပါသည်။ ယခုဤစာစုကလေးက ဖတ်နေပါသော သူလည်း ဖြစ်လာနိုင်ပါသည်။ အာရုံဝယ် ရွှေဗုံသံ သဲ့သဲ့ကို စတင်ကြားမိသလို ထင်မြင်မိပါသည်။

✧

mgyoe.com

mgyoe.com



## သူ့ရင်မှာပွင့်တဲ့ ချစ်ခြင်းရဲ့ အလှပန်း

ဟင်းလင်းပြင်သည် ဘူတာငယ်တစ်ခုအသွင် ဆောင်၏။ ထို အရပ်၌ လူပေါင်းများစွာတို့သည် ပျားပန်းခပ် လှုပ်ရှားသွားလာနေ ကြ၏။ သို့သော် ထိုဟင်းလင်းပြင်၏ ဘူတာအသွင်ဖြစ်တည်ခြင်းကို သိရှိသူမှာ သူတစ်ဦးတည်းသာရှိ၏။ တစ်စင်းသော ရထားကို စိတ်ရှည် စွာ သူစောင့်နေ၏။

စောင့်သည့်အတိုင်း တစ်ချိန်ဝယ် ရထားသည် ဆိုက်ရောက်လာ ၏။ ရထားပေါ်သို့ သူတက်လိုက်သည်။ ရထားပေါ်၌လည်း သူတစ် ယောက်တည်း။ ရထားမထွက်မီ သူက ဘဝတူလူသားများကို သတိ တရဖြင့် နှုတ်ဆက်လိုက်ပါသည်။

"ခွင့်သာခိုက်မှာ လိုက်ခဲ့ပါ။ ဒီရထားကြီး ဘယ်သောအခါမှ ပြန်လာမယ်ဆိုတာကို မသိနိုင်လို့ပါ" (လွတ်မြောက်ခြင်းတရား ရှာ ဖွေကာ တရားပြခဲ့သော ဗုဒ္ဓမြတ်စွာဘုရားအား ရည်ညွှန်းပူဇော်ပါ သည်)

✧

mgyoe.com

mgyoe.com


## တို့ဘုရားဟောတဲ့ မဇ္ဈိမ ပဋိပဒါ

မှတ်မိနေပါသေးတယ်။ လူနာလက်တွေ့ စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ စာမေးပွဲတစ်ခု ဖြေခါနီး အကြိုလေ့ကျင့်နေတဲ့ အချိန်ကပေါ့။ Caseလေး ငါးခု ကျင့်ပြီးတော့ စိတ်က သမာဓိ လျော့လာသလိုလို၊ ပျင်းလာသလိုလိုဖြစ်လာတာနဲ့ ကျွန်တော်က "ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြရအောင်ဗျာ၊ မဇ္ဈိမပဋိပဒါ ပေါ့" လို့ ခပ်ပေါ့ပေါ့ ပြောလိုက်မိတယ်။ ကျွန်တော်ကသာ ခပ်ပေါ့ပေါ့ ပြောလိုက်တာ... ဒါကို ကြားလိုက်တဲ့ သူကတော့ အလွန်တရာ လေးနက်စွာနဲ့ ဒီလိုပြန်ပြောခဲ့ပါတယ်။

"စိတ်မဆိုးရင်တော့ ပြောချင်တယ်ဗျာ။ "မဇ္ဈိမပဋိပဒါ" ဆိုတဲ့ လေးနက်တဲ့ ဓမ္မတစ်ခုကို ခင်ဗျား သဘောမပေါက်သေးဘူးလို့ ထင်တယ်။ "မဇ္ဈိမပဋိပဒါ" ဆိုတာ အလယ်လမ်းစဉ်လို့ ဆိုလိုတာဗျ။ မှားယွင်းသော၊ အကျိုးမဖြစ်ထွန်းစေသော အစွန်းတရားလမ်းစဉ်နှစ်ခုမှ ရှောင်ရှား၍ မှန်ကန်သော အတွေး (သမ္မာသင်္ကပ္ပ)၊ မှန်ကန်သော နားလည်မှု (သမ္မာဒိဋ္ဌိ) နဲ့ ကျင့်ကြံရမယ့် လမ်းစဉ်လို့ ဆိုလိုတာဗျ။ မှားယွင်းသော အစွန်းတရားနှစ်ခုကို ရှောင်ရှားသော၊ မှန်ကန်သော

mgyoe.com

mgyoe.com


လမ်းစဉ်မို့လို့ တင်စားပြီး အလယ်လမ်းစဉ်လို့ ဟောကြားခဲ့တာ။ အလယ်လမ်းစဉ်ဆိုလို့ ထုတ်ရမယ့်ဝီရိယကို အကုန် မထုတ်ရဘူး၊ သက်သက်သာသာ ကျင့်ကြံရမယ်လို့ ဆိုလိုတာ မဟုတ်ဘူးဗျ။ သမာဓိနဲ့ ဝီရိယကို အမြင့်ဆုံးနဲ့ မဆုတ်မနစ် ကြိုးစားရမယ်။ လိုအပ်ရင် အသက်ပင်သေသေ ဆိုသလိုပေါ့ဗျာ။

ဗုဒ္ဓတရားတော်တွေဟာ ပျင်းရိပြီး ဆင်ခြေပေးတတ်တဲ့ သူတွေအတွက် မဟုတ်ပါဘူးဗျာ။ ဒီ ''မဇ္ဈိမပဋိပဒါ'' ကို မှန်ကန်သော သဘောပေါက်ခြင်းရဲ့ အလွန်အရေးကြီးတဲ့ အခြေခံအုတ်မြစ်ကြီးတစ်ချပ်ပါဗျာ''

ကျွန်တော့်ရဲ့ အသိဉာဏ် မိုးကောင်းကင်ဝယ် လင်းလက်သော လျှပ်စီးတစ်ချက် လက်သွားသလို ခံစားမိခဲ့သည်ကို အမှတ်ရမိပါသေးသည်။

✧

mgyoe.com

mgyoe.com

၂၀၁၄

မျှော်လင့်ပါ။ မျှော်လင့်ခွင့်လည်း ပေးပါ။
ဖြတ်သန်းပါ။ ဖြတ်သန်းခွင့်လည်း ပေးပါ။
ရှင်သန်ပါ။ ရှင်သန်ခွင့်လည်း ပေးပါ။

✧

mgyoe.com

mgyoe.com



## ကဗျာဆန်သူ

"ရေပြင်မှာ အရိပ်ထင်တဲ့
လမင်းကို မြင်ပြီး
ကြည်နူးပျော်ရွှင်ရသူပါ သခင်။

မိုးထက်က သခင်
ဖန်ဆင်းမြင်စေသော
အတုသဘော ပုံရိပ်ယောင်ကို
နောင် ကြည့်ခွင့်မသာမည် စိုးသောကြောင့်…
ရေပြင်ကိုပင် မနှောင့်ဝံ့ပါသခင်။

ထာဝစဉ် မမြင်ရမှန်းသိလျက်နဲ့ပင်
သခင့်ရဲ့အရိပ် တစ်စိတ်တစ်ဒေသ
အလှရဲ့ အသွင်အပြင်ကို
ရင်တွင် ဆွတ်ကျင်ရပါသည် သခင်။

သခင့်ရဲ့ ခြေတော်ရင်းဝယ်
တစ်ဘဝတာ နီးနားခွင့် မရလျှင်လည်း
တစ်ခဏတာ ခစားခွင့်ကို
ရင်ခုန်စွာနဲ့ ငံ့လင့်ရပါသည် အသျှင်။ ။

mgyoe.com

mgyoe.com


သူက ကဗျာလေးရဲ့ နောက်ဆုံးပါဒကို ကြည်နူးစွာနဲ့ နိဂုံးချုပ်လိုက်သည်။ "သခင့်ထံ ခွင့်ပန်ခြင်း" လို့ ခေါင်းစဉ်ပေးလိုက်သည်။ ရင်တွင် ကြည်နူးရပါသည်။ ဩော် . . . ဒီတစ်သက် ဒီအရွယ်ထိ ခံစားတတ်တဲ့ နှလုံးသား ရှင်သန်နေဆဲပါပဲလားဟုလည်း ဆွတ်ဆွတ်ကျင်ကျင် ဖြစ်မိပါသေးသည်။ ကဗျာလေးကို ရင်မှာ ညင်သာဖွဖွ သုံးလေးခါလောက် ရွတ်ဆိုလိုက်သေးသည်။

ဒီလိုခံစားတတ်တဲ့ နှလုံးသားတွေကြောင့်ပဲ ဘဝဆိုသည်မှာ မညှိုးပန်းတစ်ပွင့်နှယ် လှပနေသေးသည် မဟုတ်ပါလား။ မျှဝေခံစားရလျှင် ပိုပြီး လှပပါလိမ့်မည်ဆိုသော အတွေးကလေး ဝင်ရောက်လာသည်။ သည်းဦး၊ သက်တည်၊ အိမ်သူသက်ထား၊ မဟေသီကို ဆွတ်ကျင်ဖွဖွ နှလုံးသားမှအသံနှင့် ကာရန်တွေကို သူ ရွတ်ပြခဲ့သည်။ မျှဝေခံ အိမ်သူစံရဲ့ အားပေးသံက သူ့ရဲ့နှလုံးသား ခံစားမှုကို အထွတ်အထိပ်သို့ ရောက်စေခဲ့ပါသည်။

"ရှင့်မလဲ . . . ဒီအသက် ဒီအရွယ်ကြီးထိ ကလေးကလား ဒီလို စိတ်ကူးယဉ်ကဗျာတွေ ရေးနေသေးတယ်။ ကိုယ့်ခေါင်းပေါ်က ဆံပင်ဖြူတွေမှ အားမနာ။ တဏှာအိုးကြီးရယ် . . .နှာဘူး . . ."

"တိန်"

✧

mgyoe.com

mgyoe.com



## ကိုကျော်သစ်ပြောခဲ့သော စကားများ

"လူဆိုတာ ကိုယ့်ထက် နည်းနည်း ပိုသာတဲ့သူဆိုရင် မနာလို ဖြစ်တတ်တယ်။ ကိုယ့်ထက် မယှဉ်သာအောင် ပြတ်ပြတ်သားသား သာတဲ့သူဆိုရင်တော့ လေးစားအားကျတယ် ဖြစ်သွားပြန်ရော"

"ကိုယ့်ကို သူများတွေက မလေးစားနိုင်တာ သိပ်အရေးမကြီးသေးပါဘူးဗျာ။ ကိုယ့်ကိုယ်ကိုယ် မလေးစားနိုင်တော့ဘူးဆိုရင်တော့ တကယ့်ပြဿနာ ဖြစ်သွားပြီဗျို့"

စိတ်မှာစွဲနေတဲ့ တရားတစ်ပုဒ်ရှိတယ်။ ဆရာတော်ဦးရေဝတရဲ့ တရား။ "ဘဝဆိုသည်မှာ သေတတ်သော သဘောရှိတယ်"

"အားလုံးကို စွန့်လွှတ်လိုက်ရင် ငြိမ်းချမ်းသွားမယ်ဆိုတာ ကိလေသာ အညစ်အကြေးတွေကို စွန့်လွှတ်ဖို့ ပြောတာဗျ။ ခင်ဗျားရဲ့ ပိုင်ဆိုင်မှုတွေကို စွန့်လွှတ်ဖို့ ပြောတာမဟုတ်ဘူး။

ကိလေသာတွေကို ပိုင်ပိုင်နိုင်နိုင် မစွန့်လွှတ်နိုင်သေးဘဲနဲ့ ပိုင်ဆိုင်မှုအားလုံး သွားစွန့်လွှတ်လိုက်ရင် ဒုက္ခ လှလှနဲ့ပဲ တွေ့ရလိမ့်မယ်။ ပြောသာပြောတာပါ…။ လက်တွေ့ဘဝမှာ ဒီလိုလူကလည်း အဲဒီလို မစွန့်လွှတ်နိုင်သေးပါဘူးဗျာ"

"တစ်ကိုယ်တည်းသမားပဲ၊ အပူ အပင်မရှိဘူးတော့ မပြောနဲ့ဗျ။ ကိုယ့်အတွက်ကိုယ်တော့ ပူနေရသေးတာပဲ"

✧

mgyoe.com